MRF

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ANNUAL REPORT 2018

www.myanmarricefederation.org

MRF

Myanmar Rice Federation

# 3.5M MT

## CELEBRATING OVER 3.5 M MT RICE EXPORT

2017-2018



# ဥက္ကဋ္ဌ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေပြ အစီရင်ခံစာ နှင့် နှုတ်ခွန်းဆက် အမှာစကား


၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) အတွက် ၂၀၁၈ ခုနှစ်သည် ထူးခြားသော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ (၆.၃.၂၀၁၈) ရက်နေ့တွင် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးနီးနောဖလှယ်ဆွေးနွေးပွဲကို နေပြည်တော် (MICC-2) တွင် ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ချီးမြှင့် အမှာစကားပြောကြားခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၃.၅)သန်းကျော် ပြည်ပသို့တင်ပို့နိုင်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ (၁၁၃၆.၉၂)သန်းရရှိခဲ့ခြင်း၊ (၂၉.၅.၂၀၁၈) ရက်နေ့တွင် အသင်းချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု အဖွဲ့ဝင် International Finance Corporation (IFC) တို့ ဆန်စပါးစံချိန်စံညွှန်း ပြင်ဆင်သတ်မှတ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းတို့သည် ထူးခြားသော သမိုင်းမှတ်တိုင်များဖြစ်ခဲ့ပါသည်။ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နီးနောဖလှယ်ဆွေးနွေးပွဲမှ အကြံပြုချက်၊ သုံးသပ်ဖော်ထုတ်ချက် (၆၄)ချက် ပေါ်ထွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများကို ဆက်လက်ဖော်ဆောင်ရေး၊ လက်တွေ့အကောင်အထည်ဖော်ရေးတွင် အခက်အခဲများ၊ ကြန့်ကြာမှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိသော်လည်း ၎င်းအကြံပြုချက်များကို လက်တွေ့ကျကျ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး နည်းလမ်းများကို အသင်းချုပ်အနေဖြင့် ရှာဖွေလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အသင်းချုပ်အနေဖြင့် မြန်မာ့ဆန်စပါးကဏ္ဍတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော ပုဂ္ဂလိက - အစိုးရ ပူးပေါင်းဆောင်ရွက်နိုင်မည့် အကြံပြုချက်များ၊ အဆိုပြုချက်များကို နိုင်ငံတော်အစိုးရထံသို့ မကြာခဏ ပြုစုတင်ပြ အကြံပြုလျက်ရှိပါသည်။ ယင်းတို့အနက် ပုံစံ(၇)ကို ဘဏ်တွင် အာမခံထား၍ ချေးငွေရယူမည့်ကိစ္စ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြုပြင်ပြောင်းလဲရေးကိစ္စ၊ သီးနှံအာမခံစနစ် ဖော်ထုတ်ရေးကိစ္စ၊ လယ်ယာမြေဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲပြင်ဆင်ရေးကိစ္စ၊ မြန်မာ့ဆန်စပါးဥပဒေရေးဆွဲ ပြဌာန်းရေးကိစ္စတို့သည် စတင်ဆောင်ရွက်နေမှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် Contract Farming Zone များ ဖော်ထုတ်ရေး၊ ဒေသအခြေပြုလယ်ယာဝန်ဆောင်မှုစင်တာ (Agribusiness Service Center) များဆောင်ရွက်ရေး၊ မျိုးစေ့ထုတ်လုပ်ငန်းများ၊ ဆန်စက်လုပ်ငန်းများနှင့် ဆန်ပြည်ပတင်ပို့သူ (Exporter) များအား သက်သာသော အတိုးနှုန်းဖြင့် ချေးငွေစီစဉ်ပေးရေး၊ သိုလှောင်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် အထူးအစီအစဉ်ဖြင့် ချေးငွေတစ်ရပ်စီစဉ်ပေးရေး၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ SME များအတွက် ချေးငွေစီစဉ်ပေးရေးကိစ္စများသည် ညှိနှိုင်းဆွေးနွေးဆဲ အဆင့်တွင်သာ ရှိနေသေးပါသည်။

၃။ ဤနှစ်ပတ်လည်အစီရင်ခံစာ စာအုပ်တွင်အသင်းဝင်များ သိရှိလေ့လာနိုင်ရန်အတွက် အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ်အားဖြင့် ဖော်ပြထားပါသည်။ ထပ်မံ၍ သိရှိလိုသည်များရှိပါကဖြစ်စေ၊ အကြံပြုလိုလျှင်ဖြစ်စေ အသင်းချုပ်ရုံးအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အသင်းချုပ်အနေဖြင့် ဆန်စပါးကဏ္ဍနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မိမိတို့ မျှော်မှန်းထားသည်များအားလုံးကို မလုပ်နိုင်သေးသော်လည်း အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီဖြစ်၍ ပါဝင်ကူညီဆောင်ရွက်ပေးကြသော အကြံပေးများ၊ ညီလာခံကိုယ်စားလှယ်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် ဝန်ထမ်းများကိုလည်းကောင်း၊ အနီးအဝေးမှ ဝေဖန်အကြံပြုပေးသော အသင်းဝင်များအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

၄။ ရေရှည်ဆက်လက်ပြီး ဆောင်ရွက်ရန်ကိစ္စများဖြစ်သည့် မြန်မာ့ဆန်စပါး ဥပဒေပေါ်ထွက်ရေး၊ ဆန်စပါးကဏ္ဍရှိ SME များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းချုပ်မှ ရည်မှန်းထားသော ဦးစားပေးစီမံကိန်းများ၊ အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရေးစသော ဆောင်ရွက်လက်စလုပ်ငန်းများကို အသင်းချုပ်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၀၉ -၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (MRIA) အဖြစ်စတင်ခဲ့ပြီး (၂၃-၆-၂၀၁၃) တွင် အသင်းချုပ် (MRF) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကာ (၁၀) နှစ်တာသက်တမ်းကာလသို့ ရောက်ရှိပြီဖြစ်သော အသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ ဆန်စပါးလောကသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ရပ်တည်နေထိုင်ပြီး ဆန်စပါးကဏ္ဍ၏အကျိုး၊ မိမိအကျိုးကို အတ္တ-ပရ မျှတစွာ ဖြစ်ထွန်းအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အခြေခံကျသော တောင်သူလယ်သမားများအပါအဝင် အားနည်းနေသော ဆန်စပါးလောကသားများ၊ လုပ်ဖော်ကိုင်ဖက်များကိုလည်း တတ်နိုင်သမျှ လက်တွဲခေါ်ဆောင်ပြီး ဖွံ့ဖြိုးမှု၊ အောင်မြင်မှုပန်းတိုင်ဆီသို့ အတူတူသွားနိုင်စေရန် သဘောထားကြီးကြီးထားရှိဖို့လည်း လိုအပ်ပါသည်။

၅။ အသင်းချုပ်နှင့် ညီနောင်အသင်းများတွင် ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ရွေးကောက်တင်မြှောက်မှုစနစ်များသည် ခေတ်ကာလနှင့်အညီ၊ ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ဖြစ်စေဖို့လိုအပ်ပါသည်။ လူသစ်တွေ၊ လူငယ်တွေကို ပါဝင်လုပ်ကိုင်နိုင်စေဖို့ ဖွင့်ပေးထားရမည့် အခြေအနေလိုအပ်သလို အတွေ့အကြုံရှိပြီးဖြစ်သော လူဟောင်းတွေ၊ လူကြီးတွေနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်အောင် စီစဉ်ပေးရန် အရေးကြီးပါသည်။ လူငယ်လူသစ်များကို နေရာပေး၍ လက်ဆင့်ကမ်းခေါ်ဆောင်ကာ ဖွံ့ဖြိုးမှုကို စဉ်ဆက်မပြတ် ခိုင်မာတည်တံ့စေရန် ပြောင်းလဲဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဆန်စပါးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စပါးလောကအတွက် အားကိုးမှီတင်းရာဖြစ်သည့် အသင်းချုပ်အား အောက်ခြေအဆင့်ဆင့်တွင် စနစ်တကျဖွဲ့စည်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် အသင်းဝင်များ၏လုပ်ငန်းဆောင်တာများ အောင်မြင်ဖြစ်ထွန်းပါစေကြောင်း ဆုမွန်ပြုလျက် နိဂုံးချုပ်အပ်ပါသည်။



(ချစ်ခိုင်)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# အသင်းချုပ်ဖြစ်ပေါ်လာပုံသမိုင်း (သို့) MRIA မှ MRF သို့

၁။ ၂၀၀၈ ခုနှစ်မှ စတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးရေးနှင့်ထောက်ပံ့ရောင်းဝယ်ရေးကွင်းဆက်(Supply Chain Mechanism)ကို ဦးစားပေးဖော်ဆောင်လာပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းရေးအပေါ် အားပေးကူညီဆောင်ရွက်ခဲ့ပါသည်။ (၁၅.၅.၂၀၀၉)ခုနှစ်တွင် ဆန်စပါးစိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်အဆင့် ဆွေးနွေးပွဲအဖြစ် ကျင်းပခဲ့ပြီး ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) အပါအဝင် ဝန်ကြီးများ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ၏ သုံးသပ်ဖော်ထုတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ဆန်စပါးအထူးပြုကုမ္ပဏီများကိုလည်း မြို့နယ် များတွင် ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ကြပါသည်။ ၂၀၀၉ ခုနှစ်တွင် အဆိုပါ ဆန်စပါးအထူးပြုကုမ္ပဏီများ ပါဝင်သည့် အသင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်ခြင်းမှ အစပြု၍ ဆန်စပါးလုပ်ငန်းကို ကိုယ်စားပြုသည့်အသင်း ထူထောင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် ယခင်ဖွဲ့စည်းထားပြီးဖြစ်သော မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ကို အစုအဖွဲ့အဖြစ် ပါဝင်စေပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ပူးပေါင်းပါဝင်စေလျက် ဆန်စပါးစိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည်အထိ (Supply Chain) တစ် လျှောက်လုံး ပါဝင်သော စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲတင်ပို့ရောင်းချသူများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အချိတ်အဆက်မိစွာ လုပ်ငန်းများဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ(၂)ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association-MRIA) ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းစဉ်က မူလတည်ရှိခဲ့သော အသင်း(၃)သင်းကို အသင်းအဖြစ်ရပ်တည်ရန် ခွင့်ပြုခြင်းမပြုဘဲ အစုအဖွဲ့အဖြစ်သာ ရပ်တည်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့ရာ ဆန်စပါးလောကရှိအသင်းများနှင့် ဆန်စပါးလောကသား တို့အတွက် အတွေးအမြင်အယူအဆမျိုးစုံပေါ်ပေါက်စေခဲ့ပါသည်။

၃။ ထိုသို့ အစုအဖွဲ့၊ အသင်းစသည်ဖြင့် အတွေးအမြင်၊ အယူအဆမျိုးစုံရှိခဲ့သော်လည်း MRIA သည် တိုင်း၊ ပြည်နယ် အသင်းခွဲများဖွဲ့စည်းခြင်း၊ မြို့နယ်အသင်းခွဲများဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းတို့ကို (၂)နှစ်ကျော် ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် အစိုးရသစ်တက်လာသောအချိန်တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်း(MRIA)အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) အဖြစ်သို့ ပြောင်းလဲတိုးမြှင့်ဖွဲ့စည်းရန်နှင့် မူလတည်ရှိသော အသင်းများ၊ ပြန်လည်သက်ဝင်လှုပ်ရှားပြီး အသင်းချုပ်၏ဦးဆောင်မှုအောက်တွင် လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီ မှုဖြင့် ၂၀၁၃ ခုနှစ်၊ ဖွန်လ(၂၃)ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို ဖွဲ့စည်းခဲ့ပါသည်။

# အသင်းချုပ်၏ ရည်ရွယ်ချက်များ

၁။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆန်စပါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုရန်။

၂။ အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကို ဦးဆောင်ဦးရွက်ပြု၍ ဆန်စပါးလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

၃။ အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကြားတွင် ညီညွတ်မှု၊ စည်းလုံးမှု၊ စာနာနားလည်မှု၊ တိုင်ပင်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အထကောင်းများကို စုပေါင်းဦးဆောင်မှုစနစ်ဖြင့် ဖော်ဆောင်ရန်။

၄။ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များ၏ လုပ်ငန်းရည်ရွယ်ချက်များကို အောင်မြင်အထမြောက်စေရန်အတွက် ပံ့ပိုးကူညီပေးရန်။

၅။ အသင်းချုပ်သည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးကို လွတ်လပ်စွာတီထွင်ကြံဆမှု၊ တရားမျှတမှု၊ သာတူညီမျှရှိမှုတို့ကို အခြေခံ၍ ဒီမိုကရေစီနည်းလမ်းများဖြင့် ဖော်ဆောင်ရန်။

၆။ အသင်းချုပ်သည် နိုင်ငံတော်နှင့် ဆန်စပါးလုပ်ကိုင်သူများအကြား ပေါင်းကူးသဖွယ်ဆောင်ရွက်ရန်နှင့် အသင်းဝင်များ အသင်းသားများကြားတွင် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန်။

၇။ အသင်းချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ရှိသောလွှတ်တော်အသီးသီးနှင့် ရေးရာကော်မတီများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ သတင်းမီဒီယာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

၈။ အသင်းချုပ်သည် ဆန်စပါးနှင့်သက်ဆိုင်သော သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများ သတင်းအချက်အလက်နှင့် နည်းပညာစုဆောင်းဖြန့်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်။

# ဦးစားပေးလုပ်ငန်းများ

၁။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်၊ စပါးသီးနှံအရည်အသွေးကောင်းမွန်စေရန်နှင့် တစ်ဧက အထွက်နှုန်းတိုးတက်လာစေရန်အတွက် အကျိုးတူကန်ထရိုက်လယ်ယာ(Contract Farming)စနစ် အပါအဝင် (Supply Chain / Value Chain) တစ်လျှောက် တွင် ပါဝင်သူများ၏ ထုတ်လုပ်နိုင်စွမ်းအား (Productivity) တိုးမြှင့်စေမည့် အစီအမံများကို နိုင်ငံတော်အစိုးရ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၂။ ဆန်စပါးလုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများနှင့် ပတ်သက်ပြီး ဆန်းစစ်လေ့လာခြင်း၊ အစိုးရနှင့် လွှတ်တော်အသီးသီးထံ တင်ပြအကြံပြုခြင်းနှင့် ဆန်စပါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုအထောက်အကူပြုနိုင်သော ဥပဒေများနှင့် မူဝါဒများဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ဆန်စပါးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသော တောင်သူလယ်သမားများ၊ အသေးစားနှင့် အလတ်စား SME များဖြစ်သော ကုန်သည်၊ စက်ပိုင်၊ ကုမ္ပဏီများအတွက် ထုတ်လုပ်မှုနည်းပညာရရှိမှု၊ ဈေးကွက်ဝေစုရရှိမှု၊ ဘဏ္ဍာငွေကြေးပိုင်းနှင့် အရည်အသွေးစီမံခန့်ခွဲမှုအပိုင်းတို့တွင် တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခြင်းနှင့် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီထောက်ပံ့ပေးခြင်း။

၄။ ဆန်စပါးကဏ္ဍအတွက် ပြုစုထားသော အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy for Rice Sector) အား နိုင်ငံတော်အစိုးရနှင့် ထိရောက်စွာ ပူးပေါင်း၍ အကောင်အထည်ဖော်ခြင်း၊ ပို့ကုန်တိုးတက်မှုမှ ဦးဆောင်သည့် မဟာဗျူဟာ (Export-led Growth Strategy for Rice Sector) အား ဖော်ဆောင်ခြင်း။

၅။ ဆန်စပါးထုတ်လုပ်ရောင်းဝယ်မှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သောလုပ်ငန်းများ၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်တိုးတက်လာစေရန် ဦးစားပေးလုပ်ဆောင်ခြင်း။

၆။ မြန်မာ့ဆန်စပါးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

# အမြဲတမ်းကော်မတီများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရည်ရွယ်ချက်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ဖော်ပြပါ အမြဲတမ်းကော်မတီများကို အထွေထွေညီလာခံကိုယ်စားလှယ်များ၊ ဗဟိုအလုပ်မှုဆောင်များ၊ အလုပ်အမှုဆောင်များ ပါဝင်လျက် ဖွဲ့စည်းထားပါသည်-

(က) အသင်းသားရေးရာကော်မတီ
Membership Committee

(ခ) သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ
Research and Development Committee

(ဂ) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီ
International Relations Committee

(ဃ) တောင်သူလယ်သမားရေးရာကော်မတီ
Farmer Affairs Committee

(င) အငြင်းပွားမှုဖြန်ဖြေရေးကော်မတီ
Mediation and Dispute Settlement Committee

(စ) ရန်ပုံငွေရှာဖွေရေးကော်မတီ
Fund Raising Committee

# လုပ်ငန်းကော်မတီများ

အသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သောလုပ်ငန်းကော်မတီများကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းလုပ်ဆောင်လျက် ရှိပါသည်-

(က) ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
MRF Working Committee for Paddy Production (MRF-WC-PP)

(ခ) အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းကော်မတီ
MRF Working Committee for Drying, Storage & Processing (MRF-WC-DSP)

(ဂ) စက်မှုလယ်ယာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
MRF Working Committee for Agriculture Mechanization (MRF-WC-AM)

(ဃ) ဆန်ပြည်ပတင်ပို့မှု၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ လေ့လာသုံးသပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ
MRF Working Committee for Rice Export, Market and Price (MRF-WC-REMP)

(င) SME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
MRF Working Committee for SMEs (MRF-WC-SME)

(စ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ
MRF Working Committee for Capacity Enhancement, R & D (MRF-WC-CER&D)

(ဆ) မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အလေးချိန်၊ အချိန်အတွယ်နှင့် အရည်အသွေးစံနှုန်းများ သုံးသပ်အကြံပြု တင်ပြရေးကော်မတီ
MRF Working Committee for Standards & Specifications for Paddy and Rice (MRF-WC-SSPR)

အဆိုပါ လုပ်ငန်းကော်မတီများအနေဖြင့် အသင်းချုပ်နှင့် အသင်းဝင်များကြားတွင်လည်းကောင်း၊ အသင်းချုပ်နှင့် ညီနောင်အသင်းများကြားတွင်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် လျက်ရှိပါသည်။

# အသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်များ

| စဉ် | အမည် | စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|---|---|
| ၁။ | ဒေါက်တာမြင့်သိန်း | ၆။ | ဦးဘဟိန်း | ၁၁။ | ဒေါက်တာထွန်းဝင်း |
| ၂။ | ဦးတင်ထွဋ်ဦး | ၇။ | ဦးသန်းအေး | ၁၂။ | ဦးအောင်ဆန်း |
| ၃။ | ဒေါက်တာစိန်လှဗိုလ် | ၈။ | ဦးမျိုးဦး | ၁၃။ | ဦးကျော်ဇောမောင် |
| ၄။ | ဒေါက်တာမြင့်သောင်း | ၉။ | ဦးသန်းထွန်းအောင် | ၁၄။ | ဦးလွင်ဦး |
| ၅။ | ဦးခင်စိုး | ၁၀။ | ဒေါက်တာမင်းအောင် | | |

# စီမံခန့်ခွဲရေးကော်မတီဝင်များ

## ၂၀၀၉ – ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (MRIA) သက်တမ်းကာလ တာဝန်ယူခဲ့သော စီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးစိန်ဝင်းလှိုင် | ဒုတိယဥက္ကဋ္ဌ |
| ၅။ | ဦးလှမောင်ရွှေ | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဦးရဲမင်းအောင် | အထွေထွေအတွင်းရေးမှူး |

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၇။ | ဦးအောင်ဇော်ဦး | တွဲဖက်အတွင်းရေးမှူး |
| ၈။ | ဦးမျိုးသူရအေး | တွဲဖက်အတွင်းရေးမှူး |
| ၉။ | ဦးအောင်စိုးသာ | ဘဏ္ဍာရေးမှူး |
| ၁၀။ | ဦးသတိုးဟိန်း | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၁။ | ဦးကျော်ကျော်ဝင်း | စာရင်းစစ် |
| ၁၂။ | ဦးအာယု | တွဲဖက်စာရင်းစစ် |

## ၂၀၁၃–၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးသော သက်တမ်းကာလ၏ စီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးစိန်ဝင်းလှိုင် | ဒုတိယဥက္ကဋ္ဌ |
| ၅။ | ဦးလှမောင်ရွှေ | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဦးရဲမင်းအောင် | အထွေထွေအတွင်းရေးမှူး |
| ၇။ | ဦးလှမော်မြင့်မောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၈။ | ဒေါက်တာစိုးထွန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၉။ | ဦးအောင်ဇော်ဦး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၀။ | ဦးသောင်းဝင်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၁။ | ဦးအောင်မြင့် | ဘဏ္ဍာရေးမှူး |
| ၁၂။ | ဦးအောင်စိုးသာ | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၃။ | Dr. ကျော်ကျော်အောင် | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၄။ | ဒေါ်ချိုချို | စာရင်းစစ် |
| ၁၅။ | ဦးကျော်ကျော်ဝင်း | တွဲဖက်စာရင်းစစ် |
| ၁၆။ | ဦးအာယု | တွဲဖက်စာရင်းစစ် |

## ၂၀၁၅–၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဒေါက်တာစိုးထွန်း | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးတင်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၅။ | Dr. မျိုးအောင်ကျော် | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဦးရဲမင်းအောင် | အထွေထွေအတွင်းရေးမှူး |
| ၇။ | ဦးလှမော်မြင့်မောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၈။ | ဦးနေလင်းဇင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၉။ | ဦးအောင်ဇော်ဦး | တွဲဖက်အထွေထွေအတွင်းရေးမှူး |

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁၀။ | Dr. ကျော်ကျော်အောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၁။ | ဦးချမ်းသာဦး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၂။ | ဦးအောင်မြင့် | ဘဏ္ဍာရေးမှူး |
| ၁၃။ | ဒေါ်သီတာဝင်း | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၄။ | ဦးနေလင်း | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၅။ | ဦးအာယု | စာရင်းစစ် |
| ၁၆။ | ဒေါ်ချိုချို | တွဲဖက်စာရင်းစစ် |
| ၁၇။ | ဦးဝေယံတင့်ဆန်း | တွဲဖက်စာရင်းစစ် |

## ၂၀၁၇–၂၀၂၀ ခုနှစ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးစိန်ဝင်းလှိုင် | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ |
| ၅။ | Dr. မျိုးအောင်ကျော် | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဦးသောင်းဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၇။ | ဦးကျော်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၈။ | ဦးအာယု | ဒုတိယဥက္ကဋ္ဌ |
| ၉။ | ဦးရဲမင်းအောင် | အထွေထွေအတွင်းရေးမှူး |
| ၁၀။ | ဦးလှမော်မြင့်မောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၁။ | ဦးနေလင်းဇင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁၂။ | ဦးနေလင်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၃။ | ဦးအောင်ဇော်ဦး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၄။ | ဦးရာဇာမျိုး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၅။ | ဦးဝေယံတင့်ဆန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၆။ | Dr. ကျော်ကျော်အောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၇။ | ဦးအောင်မြင့် | ဘဏ္ဍာရေးမှူး |
| ၁၈။ | ဒေါ်သီတာဝင်း | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၉။ | ဒေါ်ချိုချို | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၂၀။ | ဦးမျိုးသူရအေး | စာရင်းစစ် |
| ၂၁။ | ဒေါ်ခင်ဖြူဖြူကျော် | တွဲဖက်စာရင်းစစ် |
| ၂၂။ | ဦးဇေယျာမျိုး | တွဲဖက်စာရင်းစစ် |

## အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါက်တာစိုးထွန်း |
| ၂။ | ဦးသတိုးဟိန်း |
| ၃။ | ဦးကြည်ထွန်း |
| ၄။ | ဦးကျော်ကိုဆန်း |
| ၅။ | ဦးကျော်ကျော်ဝင်း |
| ၆။ | ဦးကျော်ကျော်မိုး |
| ၇။ | ဦးကျော်စိုးမိုး |
| ၈။ | ဦးခင်မောင်ဝင်း |
| ၉။ | ဦးခိုင်ဦး |
| ၁၀။ | ဒေါ်ခင်မိမိစိုး |
| ၁၁။ | ဦးချမ်းသာဦး |
| ၁၂။ | ဦးငွေအောင် |
| ၁၃။ | ဦးစိုးဝင်း(ပုသိမ်) |
| ၁၄။ | ဦးစိုးဝင်း |
| ၁၅။ | ဦးစိုးမောင် |
| ၁၆။ | ဦးစိုင်းကျော် |
| ၁၇။ | Dr. ဇော်မင်းထွန်း |
| ၁၈။ | ဦးဇော်လွင်ဦး |
| ၁၉။ | ဦးညီညီထွန်း |
| ၂၀။ | ဦးဌေးလွင် |
| ၂၁။ | ဦးတင်မောင်ဆင့် |
| ၂၂။ | ဦးတင်အောင်လတ် |
| ၂၃။ | ဦးတင့်အောင် |
| ၂၄။ | ဦးတင်မောင်လှိုင် |
| ၂၅။ | ဦးတင်မောင်ဝင်း |
| ၂၆။ | ဦးထင်ဇော်လှိုင် |
| ၂၇။ | ဦးဖြိုးသောင်းဝင်း |
| ၂၈။ | ဒေါ်မြင့်မြင့်သောင်း |
| ၂၉။ | ဦးမိုက်(ခ)ဦးတင်လှိုင်ဝင်း |
| ၃၀။ | ဦးမြင့်သန်း |
| ၃၁။ | ဦးမောင်မောင်ကျော် |
| ၃၂။ | ဦးမောင်မောင်ဇော် |
| ၃၃။ | ဦးရဲမွန် |
| ၃၄။ | ဦးဝင်းရွှေ |
| ၃၅။ | ဒေါ်ဝင်းဝင်းမော် |
| ၃၆။ | ဦးသိန်းမြင့် |
| ၃၇။ | ဦးသန်းဝင်း |
| ၃၈။ | ဦးသိန်းတိုး |
| ၃၉။ | ဦးသန်းထိုက် |
| ၄၀။ | ဦးသန်းဌေးဦး |
| ၄၁။ | ဦးသန်းဦး |
| ၄၂။ | ဦးသောင်းတိုက်စိုး |
| ၄၃။ | ဦးဟန်စိန် |
| ၄၄။ | ဦးအောင်ကျော်ဦး |
| ၄၅။ | ဦးအောင်မွန် |
| ၄၆။ | ဦးအောင်ခန့် |
| ၄၇။ | ဦးအုန်းဟန် |
| ၄၈။ | ဦးအောင်ကျော်စိုး |
| ၄၉။ | ဦးအောင်စိုးသာ |
| ၅၀။ | ဦးဦးဘိုးသိန်း |

## အသင်းချုပ်၏ အလုပ်အမှုဆောင်ကော်မတီဝင်များ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးကျော်တင်မြင့် |
| ၂။ | ဦးကျော်ဇေအောင် |
| ၃။ | ဦးကျော်အေး |
| ၄။ | ဦးကဲပ်ချင်း |
| ၅။ | ဦးကျော်မင်းနိုင် |
| ၆။ | ဦးကင်ချိန်း |
| ၇။ | ဦးကောင်းထက်ရှိန် |
| ၈။ | ဦးကျော်မင်း |
| ၉။ | ဦးကိုကိုနိုင် |
| ၁၀။ | ဦးကျော်လင်းမောင် |
| ၁၁။ | ဦးကျော်မျိုးထွန်း(ခ) အောင်သန်းဦး |
| ၁၂။ | ဦးကျော်ကျော်နိုင် |
| ၁၃။ | ဦးကျော်ဝင်းသန်း |
| ၁၄။ | ဦးခင်မောင်စိုး |
| ၁၅။ | ဦးခင်မြင့် |
| ၁၆။ | ဦးခင်မောင်ချို |
| ၁၇။ | ဦးစိန်အေးမောင် |
| ၁၈။ | ဦးစောမောင်(စစ်ကိုင်း) |
| ၁၉။ | ဦးစိုးမြင့် |
| ၂၀။ | ဒေါ်စိုးစန္ဒာအောင် |
| ၂၁။ | ဦးစိုးမြတ်သူ |
| ၂၂။ | ဦးစိုင်းထွေးမောင် |
| ၂၃။ | ဦးဆွေဦး |
| ၂၄။ | ဒေါ်ဇင်မင်းမင်းဦး |
| ၂၅။ | ဦးဇော်နိုင်(ခ) ကိုကျော်ကျော် |
| ၂၆။ | ဦးဉာဏ်ဝင်း |
| ၂၇။ | ဦးဌေးကြွယ်(တွံတေး) |
| ၂၈။ | ဦးဌေးဦး |
| ၂၉။ | ဦးတင်ရီ(ခ)ဦးနေလ |
| ၃၀။ | ဦးတင်အောင်သန်း |
| ၃၁။ | ဦးတင်အောင် |
| ၃၂။ | ဦးတင်ဌေး |
| ၃၃။ | ဦးတင်မြင့်ဦး |
| ၃၄။ | ဦးထွေးမြင့် |
| ၃၅။ | ဦးထွန်းလင်း |
| ၃၆။ | ဦးထင်အောင် |
| ၃၇။ | ဦးနိုင်လင်း |
| ၃၈။ | ဦးပြည့်ဖြိုးအောင် |
| ၃၉။ | ဦးဘဟိန်း |
| ၄၀။ | ဦးမိုးအောင်ကျော် |
| ၄၁။ | ဦးမောင်လှမြင့် |
| ၄၂။ | ဦးမောင်မောင်ဝင်း |
| ၄၃။ | ဦးမျိုးနိုင် |
| ၄၄။ | ဦးမင်းယု |
| ၄၅။ | ဦးမြတ်သူရအောင် |
| ၄၆။ | ဦးမောင်မောင်သက် |
| ၄၇။ | ဦးမြင့်ဦး(မအူပင်) |
| ၄၈။ | ဦးမြင့်နိုင်ဝင်း |
| ၄၉။ | ဦးယောင်း |
| ၅၀။ | ဒေါ်ယမင်းနိုင် |
| ၅၁။ | ဦးရဲထွန်းဦး |
| ၅၂။ | ဦးရွှေထွန်း |
| ၅၃။ | ဦးရွှေထွန်းအောင် |
| ၅၄။ | ဦးလှသိန်း |
| ၅၅။ | ဦးလှမိုး(ခ)ဦးထိုင်ထိုင် |
| ၅၆။ | ဦးလှဆင့် |
| ၅၇။ | ဦးလှမြင့် |
| ၅၈။ | ဦးလင်းလင်းနိုင် |
| ၅၉။ | ဦးလှိုင်စိုး |
| ၆၀။ | ဦးလှမျိုး |
| ၆၁။ | ဦးလှဦး |
| ၆၂။ | ဦးဝင်းမြင့်လှိုင် |
| ၆၃။ | ဦးဝင်းနိုင် |
| ၆၄။ | ဦးဝင်းမောင် |
| ၆၅။ | ဦးဝင်းဦး |
| ၆၆။ | ဦးသိန်းလှိုင် |
| ၆၇။ | ဦးသိန်းဝင်း(မကွေး) |
| ၆၈။ | ဦးသန်းထိုက်အေး |
| ၆၉။ | ဒေါ်သန်းသန်းမြင့် |
| ၇၀။ | ဦးသံချောင်း |
| ၇၁။ | ဦးသန်းရွှေ |
| ၇၂။ | ဦးသိန်းမြင့်(မွန်) |
| ၇၃။ | ဦးအောင်ကျော်ဆွေ |
| ၇၄။ | ဦးအောင်ဇော်ထက် |
| ၇၅။ | ဦးအောင်သိန်း |
| ၇၆။ | ဦးအောင်ဝင်း |

# အသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်များ

## ကြိတ်ခွဲမှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးအောင် |
| ၂။ | ဦးစိန်မြင့်နိုင် |
| ၃။ | ဒေါ်လှမြင့်သိန်း |
| ၄။ | ဦးစိုးဝင်း |
| ၅။ | ဦးညွန့်ဦး |
| ၆။ | ဦးလှမြင့် |
| ၇။ | ဦးရှုမောင် |
| ၈။ | ဦးသိန်းလွင် |
| ၉။ | ဦးနိုင်ဦး |
| ၁၀။ | ဦးမောင်မောင်ဝင်း |
| ၁၁။ | ဦးနေလင်း |
| ၁၂။ | ဦးသန်းမင်းထွန်း |
| ၁၃။ | ဦးလှရွှေ(ခ) ဦးတုတ် |
| ၁၄။ | ဦးဖုန်းနိုင် |
| ၁၅။ | ဦးညွန့်လွင် |
| ၁၆။ | ဦးကျော်မင်းဇင် |
| ၁၇။ | ဦးစောမောင် |
| ၁၈။ | ဦးမျိုးဆက် |
| ၁၉။ | ဦးအောင်ကျော်ဝင်း |
| ၂၀။ | ဦးဝင်းလှိုင် |
| ၂၁။ | ဦးမျိုးထွန်း |
| ၂၂။ | ဦးတင့်အောင်(ကော့မှူး) |
| ၂၃။ | ဦးအောင်သန်းစိုး |
| ၂၄။ | Dr. ရာဇာအေးမင်းထွန်း |
| ၂၅။ | ဦးစိန်ဝင်း |
| ၂၆။ | ဦးရန်မျိုးအောင် |
| ၂၇။ | ဦးထက်အောင်ရှိန်း |
| ၂၈။ | ဦးအောင်ဘိုဘိုကျော် |
| ၂၉။ | ဦးသိန်းဇော်ဦး |
| ၃၀။ | ဦးအေးမင်းထွန်း |
| ၃၁။ | ဦးတင်ထွန်းအောင် |
| ၃၂။ | ဦးတင်ဝင်းအောင်(ပဲခူးရှေ့) |
| ၃၃။ | ဦးလှသိန်း |
| ၃၄။ | ဦးသန်းထိုက် |
| ၃၅။ | ဦးမင်းလွင်ဦး |
| ၃၆။ | ဦးမြင့်ဝမ်း |
| ၃၇။ | ဦးဝင်းရွှေ |
| ၃၈။ | ဦးကျော်သူသောင်းစိန် |

## ကုန်သွယ်မှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးမောင်ထွေးဝေ |
| ၂။ | ဦးချစ်လွင် |
| ၃။ | ဦးစိုးမြင့် |
| ၄။ | ဦးအောင်ဝင်း |
| ၅။ | ဦးစိန်ဝင်း |
| ၆။ | ဦးမြင့်လွင် |
| ၇။ | ဦးကျော်မင်းဌေး |
| ၈။ | ဦးကျော်အောင် |
| ၉။ | ဦးတင်ကိုကို |
| ၁၀။ | ဦးခင်မောင်လှ |
| ၁၁။ | ဦးတင်စိုး |
| ၁၂။ | ဦးမျိုးမင်းကြွယ် |
| ၁၃။ | ဦးစိုးစိုးလင်း |
| ၁၄။ | ဦးသိန်းဝင်း |
| ၁၅။ | ဦးယဉ်ဌေး |
| ၁၆။ | ဦးအောင်မြင့် |
| ၁၇။ | ဦးလင်းအောင်သက် |
| ၁၈။ | ဦးသိန်းတန် |
| ၁၉။ | ဦးကျော်စိုး(ချမ်းသာ) |
| ၂၀။ | ဦးတင်ထွန်းအောင်(ရှမ်း) |
| ၂၁။ | ဦးစိုင်းထွန်းမြတ် |
| ၂၂။ | ဦးအောင်ကြည်စိုး |
| ၂၃။ | ဦးအောင်မျိုးနိုင်(ခ)ကိုတိုးကြီး |
| ၂၄။ | ဦးမျိုးအောင် |
| ၂၅။ | ဦးတိုးဆွေ |
| ၂၆။ | ဦးဆန်းလှိုင်(ခ)ကိုဘာဘူ |
| ၂၇။ | ဦးထွန်းဝင်း |
| ၂၈။ | ဦးရဲထွန်း |
| ၂၉။ | ဒေါ်ချိုချို(အိုကေ) |
| ၃၀။ | ဒေါ်နွယ်နွယ်ဝင်း |
| ၃၁။ | ဒေါ်တင်တင်မော် |
| ၃၂။ | ဦးသန့်လွင်ဦး |
| ၃၃။ | ဦးမင်းထက်အောင် |
| ၃၄။ | ဦးတင်မြ |
| ၃၅။ | ဦးစောပိုမှူး |
| ၃၆။ | ဦးသိန်းဇံ |
| ၃၇။ | ဦးရဲကျော်ညွန့် |
| ၃၈။ | ဦးမြင့်ဦး |

## စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးအောင်စိုးမိုး |
| ၂။ | ဒေါ်တင်တင်လှိုင် |
| ၃။ | ဦးထွန်းရင် |
| ၄။ | ဦးထွန်းဇော်မိုး |
| ၅။ | ဦးအောင်သူ |
| ၆။ | ဦးမောင်မောင်တင် |
| ၇။ | ဦးကောင်းစည်သူ |
| ၈။ | ဒေါ်တင်မိုးဝေ |
| ၉။ | ဒေါ်တင်တင်ဝင်း |
| ၁၀။ | ဦးတင်ထွန်း |
| ၁၁။ | ဦးဖြိုး |
| ၁၂။ | ဦးချစ်ကိုကို |
| ၁၃။ | ဦးသိန်းတိုး |
| ၁၄။ | ဦးသူရထိုက် |
| ၁၅။ | ဦးလှလင်း |
| ၁၆။ | ဦးသန်းထွန်း |
| ၁၇။ | ဦးစိုးနိုင် |
| ၁၈။ | ဦးစိုးနိုင်ဦး |
| ၁၉။ | ဦးဆိုင်းယော်ပန် |
| ၂၀။ | ဦးအေးလင့် |
| ၂၁။ | ဦးအောင်ကျော်မြ |
| ၂၂။ | ဦးသိန်းချစ် |
| ၂၃။ | ဦးကျော်ဇေယျာလွင် |
| ၂၄။ | ဦးစိုးနိုင်ကျော် |
| ၂၅။ | ဦးကျော်စွာ |
| ၂၆။ | ဦးကောင်းယဉ်ထက် |
| ၂၇။ | ဦးစန်းမောင် |
| ၂၈။ | ဦးအောင်ကြည်မိုး |
| ၂၉။ | ဦးသန်းရွှေ |
| ၃၀။ | ဦးတင်ညိမ် |
| ၃၁။ | ဦးငယ် |
| ၃၂။ | ဦးမင်းအောင် |
| ၃၃။ | ဦးစံပေါင် |
| ၃၄။ | ဦးကျော်ညွန့် |
| ၃၅။ | ဦးဝင်းလှိုင် |
| ၃၆။ | ဦးကျော်လွင်အောင် |
| ၃၇။ | ဦးအောင်ဇော်ထွန်း |
| ၃၈။ | ဦးသန်းမြင့် |

## MRF & Others

| စဉ် | အမည် |
|---|---|
| ၁။ | ဦးကိုကြီး(ဖြူး) |
| ၂။ | ဦးကျင်သိန်း |
| ၃။ | ဦးကျော်ကျော်လင်း |
| ၄။ | ဦးကောင်းဇံ |
| ၅။ | ဦးကြည်သာလင်း |
| ၆။ | ဒေါ်ကျော့ကေခိုင် |
| ၇။ | ဦးကျော်ငြိမ်း |
| ၈။ | ဒေါ်ခင်မျိုးခိုင် |
| ၉။ | ဦးစိုင်းကျော်လင်း |
| ၁၀။ | ဒေါက်တာစိုးမြင့် |
| ၁၁။ | ဒေါ်ဇင်မာဝင်း |
| ၁၂။ | ဦးဇေယျာမျိုး(ဝါရွှေဇင်) |
| ၁၃။ | ဦးဇော်မင်းဦး |
| ၁၄။ | ဒေါက်တာဇော်နိုင် |
| ၁၅။ | ဦးညီညီလွင် |
| ၁၆။ | ဦးဌေးအောင် |
| ၁၇။ | ဦးတင်အောင်လေး |
| ၁၈။ | ဦးတင်ရီ(တောင်သူ) |
| ၁၉။ | ဦးမြစိန်(ဖျာပုံ) |
| ၂၀။ | ဒေါ်မိုးမိုးခိုင် |
| ၂၁။ | ဦးမောင်နဖြူ |
| ၂၂။ | ဦးမန်းလုံကျော် |
| ၂၃။ | ဦးမောင်မောင်ခိုင်(မြေဩ) |
| ၂၄။ | ဦးမိုးမင်းဝင်း |
| ၂၅။ | ဦးမြင့်ဦး(ညောင်တုန်း) |
| ၂၆။ | ဦးရဲနောင် |
| ၂၇။ | ဦးလှဖြိုးအောင် |
| ၂၈။ | ဦးဝင်း |
| ၂၉။ | ဦးသစ်လွင် |
| ၃၀။ | ဦးသန်းဝင်း |
| ၃၁။ | ဦးသော်တာထွန်း |
| ၃၂။ | ဦးသန်းတင့် |
| ၃၃။ | ဦးအောင်ဘသာ |
| ၃၄။ | ဦးအောင်ကို |
| ၃၅။ | ဦးအေးသောင်း |
| ၃၆။ | ဦးအောင်သန်းထွန်း |
| ၃၇။ | ဒေါ်အိအိဖြိုး |
| ၃၈။ | ဦးမြင့်နိုင် |

# ကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ

အသင်းချုပ်၏ ကော်မတီများ၊ လုပ်ငန်းကော်မတီများတွင် ရည်ရွယ်သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအား အောက်ဖော်ပြပါ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများမှ အဓိက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ကြပါသည်-

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|---|
| ၁။ | စီမံခန့်ခွဲရေးကော်မတီ | ဦးချစ်ခိုင် | ဦးရဲမင်းအောင် |
| ၂။ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ | ဦးချစ်ခိုင် | ဦးရဲမင်းအောင် |
| ၃။ | အလုပ်အမှုဆောင်ကော်မတီ | ဦးချစ်ခိုင် | ဦးရဲမင်းအောင် |
| ၄။ | အသင်းသားရေးရာကော်မတီ | ဦးတင်ဝင်း | ဦးနေလင်း |
| ၅။ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ | ဦးရဲမင်းအောင် | ဦးမျိုးသူရအေး |
| ၆။ | အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီ | ဦးအာယု | ဒေါက်တာကျော်ကျော်အောင် |
| ၇။ | တောင်သူလယ်သမားရေးရာကော်မတီ | ဦးစိန်ဝင်းလှိုင် | ဦးဝေယံတင့်ဆန်း |
| ၈။ | အငြင်းပွားမှုဖြန်ဖြေရေးကော်မတီ | ဦးအောင်သန်းဦး | ဦးရာဇာမျိုး |
| ၉။ | ရန်ပုံငွေရှာဖွေရေးကော်မတီ | ဦးကျော်ဝင်း | ဦးအောင်မြင့် |
| ၁၀။ | ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ | ဦးစိန်ဝင်းလှိုင် | ဒေါ်ခင်ဖြူဖြူကျော် |
| ၁၁။ | အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲ သန့်စင်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းကော်မတီ | ဒေါက်တာမျိုးအောင်ကျော် | ဦးနေလင်းဇင် |
| ၁၂။ | စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ | ဦးသောင်းဝင်း | ဦးအောင်ဖော်ဦး |
| ၁၃။ | ဆန်ပြည်ပတင်ပို့မှု၊ ဆန်ဈေးကွက်နှင့် ဈေးနှုန်း ဆိုင်ရာလေ့လာသုံးသပ်ရေးနှင့် ညှိနှိုင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ | ဦးအောင်သန်းဦး | ဦးလှမော်မြင့်မောင် |
| ၁၄။ | SMEများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ | ဦးသောင်းဝင်း | ဦးလှမော်မြင့်မောင် |
| ၁၅။ | မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အလေးချိန်၊ အချိန်အတွယ်နှင့် အရည်အသွေးစံနှုန်းများ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ | ဦးအောင်သန်းဦး | ဦးအောင်မြင့် |
| ၁၆။ | လူငယ်ရေးရာကော်မတီ | ဦးဖြိုးသောင်းဝင်း | ဒေါ်ယမင်းနိုင် |
| ၁၇။ | မြန်မာ့စပါး အရည်အသွေး၊ စံချိန်စံညွှန်းများ အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီ | ဒေါက်တာမျိုးအောင်ကျော် | ဦးကျော်ကျော်မိုး |
| ၁၈။ | ဖွဲ့စည်းပုံများ ရေးဆွဲရေးလုပ်ငန်းကော်မတီ | ဦးစိန်ဝင်းလှိုင် | ဦးမြင့်လွင် |

## အစီရင်ခံကာလတွင် အစည်းအဝေးကျင်းပမှုများ

နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးအား (၁၅-၁၂-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၁၂)ကြိမ်၊ ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်ကော်မတီများ အစည်းအဝေး(၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ အစည်းဝေးများကိုလည်း လိုအပ်သကဲ့သို့ ခေါ်ယူကျင်းပပြုလုပ်ခဲ့ရာ ကော်မတီအများစုသည် (၁)ကြိမ်၊ (၂)ကြိမ်ခန့်သာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီအနေဖြင့် (၂၅)ကြိမ်အထိ အစည်းအဝေးများကျင်းပခဲ့ပါသည်။

## ပြည်ပတွင် ပြုလုပ်သော ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ခြင်း

၁။ G to G ဆန်တင်ပို့ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်၍ ဦးအောင်ဇော်ဦး၊ ဦးနေလင်းဇင် နှင့် ဦးသောင်းတိုက်စိုး တို့သွားရောက်ခြင်း။ (၉.၁.၂၀၁၈)

၂။ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် မလေးရှားနိုင်ငံသို့ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင် ဦးဆောင်၍ ဦးနေလင်းဇင်၊ ဦးအောင်မြင့်၊ ဒေါက်တာမင်းအောင်၊ ဦးတင်မောင်ဝင်း၊ ဦးကောင်းထက်ရှိန်၊ ဦးမျိုးသူ (MOC) နှင့် ဦးခင်ဇော် (MOC)တို့ သွားရောက်ခြင်း။ (၇.၉.၂၀၁၈)

၃။ TRT Rice Conference တက်ရောက်ရန်အတွက် ဗီယက်နမ်နိုင်ငံသို့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်၍ ဦးလှမော်မြင့်မောင်၊ ဦးနေလင်းဇင်၊ ဦးအောင်ဇော်ဦး၊ ဦးရာဇာမျိုး၊ ဦးသောင်းတိုက်စိုး နှင့် ဦးဖြိုးသူရကျော်တို့ သွားရောက်ခြင်း။ (၁၀.၁၀.၂၀၁၈)

၄။ နှစ်နိုင်ငံဆန်စပါး ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးရန်အတွက် တရုတ်နိုင်ငံသို့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်တို့ သွားရောက်ခြင်း။ (၅.၁၁.၂၀၁၈)

## ၂၀၁၈ ခုနှစ်အတွင်း အသင်းချုပ်သို့ လာရောက်တွေ့ဆုံသော ပြည်ပဧည့်သည်အဖွဲ့များနှင့် ဆွေးနွေးမှုအကြိမ်အရေအတွက်

| စဉ် | နိုင်ငံအမည် | လက်ခံဆွေးနွေးမှုအကြိမ် |
|---|---|---|
| ၁။ | ဂျပန်နိုင်ငံ | ၁၀ |
| ၂။ | ထိုင်းနိုင်ငံ | ၄ |
| ၃။ | အမေရိကန်နိုင်ငံ | ၃ |
| ၄။ | တရုတ်နိုင်ငံ | ၅ |
| ၅။ | စင်္ကာပူနိုင်ငံ | ၂ |
| ၆။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၃ |
| ၇။ | ဗီယက်နမ်နိုင်ငံ | ၃ |
| ၈။ | မလေးရှားနိုင်ငံ | ၅ |
| ၉။ | တောင်ကိုရီးယားနိုင်ငံ | ၂ |
| ၁၀။ | ကမ္ဘောဒီးယားနိုင်ငံ | ၁ |
| ၁၁။ | အင်ဒိုနီးရှားနိုင်ငံ | ၂ |
| ၁၂။ | သီရိလင်္ကာနိုင်ငံ | ၂ |
| ၁၃။ | ဆူဒန်နိုင်ငံ | ၁ |
| ၁၄။ | နယ်သာလန်နိုင်ငံ | ၁ |
| ၁၅။ | ပြင်သစ်နိုင်ငံ | ၂ |
| ၁၆။ | အိန္ဒိယနိုင်ငံ | ၃ |
| | စုစုပေါင်း | ၄၉ |

# နားလည်မှုစာချွန်လွှာများ၊ စာချုပ်များလက်မှတ်ရေးထိုးခြင်း

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) နှင့် သဘောတူညီချက်စာချုပ်များကို အောက်ပါအတိုင်း လက်မှတ်ရေးထိုးခဲ့ပါသည်-

| No | Subject | Country | Dated |
|---|---|---|---|
| 1. | MoU Signing With Kett Electric (Kett) | Japan | 26th January, 2018 |
| 2. | MoU Signing With International Finance Corporation (IFC) | | 29th May, 2018 |
| 3. | Partner Agreement with WHH for the Rice Seed Sector Development(RSSD) Project in the Ayeyarwady Delta | | 17th August, 2018 |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ အသင်းဝင်ရောက်မှုအခြေအနေများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ကုမ္ပဏီ/တစ်သီးပုဂ္ဂလနှင့် တောင်သူလယ်သမားအသင်းဝင်များ၏ စုစုပေါင်းအသင်းဝင်ရောက်မှုအခြေအနေများမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အသင်းဝင် အကြောင်းအရာ | ယခင် အသင်းဝင် ဦးရေ | ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အသင်းဝင်ဦးရေ | စုစုပေါင်း အသင်းဝင် ဦးရေ |
|---|---|---|---|---|
| ၁။ | ကုမ္ပဏီအသင်းဝင် (ပြည်တွင်း) | ၃၂၁ | ၃၂ | ၃၅၃ |
| ၂။ | ကုမ္ပဏီအသင်းဝင်(နိုင်ငံခြား/ဖက်စပ်) | ၅ | ၂ | ၇ |
| ၃။ | တစ်သီးပုဂ္ဂလအသင်းဝင် | ၃၃၀ | ၁၉၈ | ၅၂၈ |
| ၄။ | တောင်သူလယ်သမားအသင်းဝင် | ၉၆၄၇ | ၂၀၃၀ | ၁၁၆၇၇ |
| | စုစုပေါင်း | ၁၀၃၀၃ | ၂၂၆၂ | ၁၂၅၆၅ |

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့သည်လည်း အသင်းချုပ်၏ အသင်းဝင်များဖြစ်ကြပါသည်။ အဆိုပါ အသင်းများ၏ အသင်းဝင်များသည် အသင်းချုပ်၏ ဖွဲ့စည်းပုံအရ " ခ " အဆင့်အသင်းဝင်များ ဖြစ်ကြပါသည်။

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပါဝင်ပြုစုတင်ပြခဲ့သည့် အဆိုပြုတင်ပြချက်များနှင့် အကြံပြုစာတမ်းများ




































# အကျိုးပြုစာအုပ်များထုတ်ဝေဖြန့်ချိခြင်းကဏ္ဍ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပုဂ္ဂလိကအခန်းကဏ္ဍမှနေ၍ မြန်မာ့ ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြု စာပေဗဟုသုတများကို ရံဖန်ရံခါ စီစဉ်ထုတ်ဝေဖြန့်ချီလျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်စဉ် လယ်ယာထွက်ကုန်သီးနှံများနှင့် ဓါတ်မြေသြဇာများ၊ ဈေးကွက်ကုန်စည်များ၏ လယ်ယာထွက်ကုန်ဈေးနှုန်းစာအုပ်များထွက်ရှိနိုင်ရန်အတွက် အသင်းချုပ်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးခဲ့ပါသည်။ အသင်းချုပ်သည် FAO ၏ ခွင့်ပြုချက်ဖြင့် "စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းလက်စွဲ"၊ "စပါးမျိုးစေ့ထောက်ခံဖြန့်ဖြူးခြင်းလက်စွဲ"နှင့် တောင်သူလယ်သမားကြီးများလေ့လာရန်အတွက် စပါးအထွက်တိုးရေးနည်းပညာစာအုပ်များကို အသင်းချုပ်အနေဖြင့် ထုတ်ဝေထားရှိပြီးဖြစ်ပါသည်။ ထို့ပြင် အသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ဦးအောင်ဆန်း(အထွေထွေမန်နေဂျာ(ငြိမ်း)၊ စိုက်ပျိုးရေး)၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများကို စိုက်ပျိုးရေးနည်းပညာပေးစာအုပ်အဖြစ် ဖြန့်ဝေရန်အတွက် ပြန်လည်စုစည်းထုတ်ဝေခဲ့ပါသည်။























# အကျိုးပြုစာစောင်များထုတ်ဝေဖြန့်ချိခြင်း







































# မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ – ၂၀၁၈

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-2) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ INGO များ၊ နိုင်ငံခြားကုမ္ပဏီများ၊ အနယ်နယ်အရပ်ရပ်မှ တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်များ၊ ကုန်သည်များ၊ Exporter များပါဝင်သည့် ဆန်စပါးကဏ္ဍမှ စုစုပေါင်းတက်ရောက်သူဦးရေ(၁၂၀၀)ကျော်၏ ပါဝင်မှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲမတိုင်မီ မတ်လ(၅)ရက်နေ့တွင် သင်္ဟာဟိုတယ်၌ အကြိုဆွေးနွေးမှုများကိုလည်းကောင်း၊ ဆွေးနွေးပွဲကျင်းပသည့်နေ့တွင် Panel Discussion များကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး အချက်(၆၄)ချက် ပါဝင်သော အကြံပြုချက်၊ သုံးသပ်ဖော်ထုတ်ချက်များ မှတ်တမ်းစာအုပ်ကို သီးခြားစီစဉ် ပြုစုထားရှိပါသည်။ အဆိုပါ သုံးသပ်ဖော်ထုတ်ချက်များကို အသင်းချုပ်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။



















မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ် ဆွေးနွေးပွဲ – ၂၀၁၈
MRF Stakeholder Forum - 2018
6 March 2018 | Myanmar International Convention Center, Naypyitaw
MRF
STAKEHOLDER FORUM 2018


MRF Stakeholder Forum - 2018


















MRF
STAKEHOLDER FORUM 2018
မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ် ဆွေးနွေးပွဲ -၂၀၁၈
MRF Stakeholder Forum - 2018
6 March 2018 | Myanmar International Convention Center, Naypyitaw




Typical Irrigation System Model


WPX
CLARK
THE FORKLIFT


Precious













# အသင်းချုပ်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး – ၂၀၁၇ အထွေထွေညီလာခံ နှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ အထူးဧည့်သည်တော်များအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌ ဦးချစ်ခိုင် ဦးဆောင်သော စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှု ဆောင်ကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ တိုင်းနှင့်ပြည်နယ်အသီးသီးမှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် အသင်းသားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသဘာပတိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၂၀၁၆-၂၀၁၇ သက်တမ်းမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရခဲ့တဲ့ NLD ပါတီရဲ့ဦးဆောင်မှုဖြင့် အစိုးရသစ် စတင်ဖွဲ့စည်းခဲ့သည့်ကာလဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ယနေ့ဆန်တန်ချိန် ၂ သန်းကျော်တင်ပို့နိုင်ခဲ့သည့်အတွက်ကြောင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ယခုလိုများစွာ ဂုဏ်ယူဝမ်းမြောက်ခြင်းနဲ့အတူ အနာဂါတ်လမ်းကြောင်းကို သွားမည့်လမ်းကြောင်းအတွက် သုံးသပ်ဖို့ အမှန်တရား လိုအပ်မယ်လို့ထင်ပါကြောင်း၊ ယခုရောက်ရှိသည့် မှတ်တိုင်ကိုရောက်ရန် မြန်မာ့ဆန်စပါးကဏ္ဍအနေနှင့် လိုအပ်တာထက်ပို၍ အချိန်ယူခဲ့ရပါကြောင်း၊ ဆန်စပါးအသင်းချုပ်အနေနှင့် အသင်းမှာပါဝင်သော ကုန်သည်ပိုင်း၊ ကြိတ်ခွဲသော အပိုင်းများ၏ အကျိုးစီးပွားသက်သက်သာမဟုတ်ဘဲ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပြီး ဖွံ့ဖြိုးရေးမိတ်ဖက်အနေနှင့် အနာဂါတ်ကို တည်ဆောက်မည်ဆိုသော ခံယူချက်ကိုထား၍ ဆောင်ရွက်နေပါကြောင်း စသဖြင့် လမ်းညွှန်ပြောကြားခဲ့ပါသည်။




MPPA


MPPA
















MRF
Myanmar Rice Federation
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
၂၀၁၇ ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ အထွေထွေညီလာခံနှင့်
ရွေးချယ်တင်မြောက်ပွဲ အခမ်းအနား
2017 Annual General Meeting, General Assembly & Election
MAB
YANMAR
SATAKE
awba
2M MT

ထို့နောက် မြန်မာနိုင်ငံဆန်စပါးသမိုင်း ဗီဒီယိုအား ပြသခဲ့ပါသည်။ ဆက်လက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့မှ လမ်းညွှန်အမှာစကားများ ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းမှ ဂုဏ်ယူဝမ်းမြောက်စကားနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမန်းဂျော်နီမှ Video Clip ဖြင့် မေတ္တာရပ်ခံ အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အလှူငွေများပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်လက်မှတ်များ ပြန်လည်ပေးအပ်ခြင်း၊ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးအောင်မြင့်မှ ဖတ်ကြားတင်ပြခြင်း၊ အထွေထွေ အတွင်းရေးမှူး ဦးရဲမင်းအောင်မှ ဖွဲ့စည်းပုံ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ ပြင်ဆင်ရေးအတွက် တင်ပြအတည်ပြုချက်များရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၇ ခုနှစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြသော အထွေထွေ ညီလာခံကိုယ်စားလှယ်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ စီမံခန့်ခွဲရေး ကော်မတီဝင်များ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး ရွေးကောက်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပခဲ့ပါသည်။ ပထမဦးစွာ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာစိန်လှုပိုလ်မှ အဖွင့်အမှာစကားပြောကြားခြင်း၊ ကော်မရှင်အတွင်းရေးမှူး ဒေါက်တာ မင်းအောင်မှ ရွေးကောက်ပွဲအစီအစဉ်များအပေါ် ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇-၂၀၂၀ သက်တမ်းကာလ ကော်မတီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် အထွေထွေညီလာခံကိုယ်စားလှယ်(၃၀၀)ဦးအား ကဏ္ဍ(၃)ခုမှ ကိုယ်စားလှယ် (၂၂၅)ဦးနှင့် အခြားကဏ္ဍ(MRF တိုက်ရိုက်အသင်းဝင်များ၊ MFA, MFSPEA)မှ ကိုယ်စားလှယ်(၇၅)ဦးဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ အလုပ်အမှုဆောင်ကော်မတီ(၁၅၀)ဦးအား ကဏ္ဍ(၃)ခုမှ ကိုယ်စားလှယ်(၁၂၀)ဦးနှင့် အခြားကဏ္ဍ(MRF တိုက်ရိုက်အသင်းဝင်များ၊ MFA, MFSPEA) မှ ကိုယ်စားလှယ်(၃၀)ဦးဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ အလုပ်အမှုဆောင်ကော်မတီ(၁၅၀)ဦးထဲမှ ဗဟိုအလုပ် အမှုဆောင်ကော်မတီ(၇၅)ဦးအား လျှို့ဝှက်မဲစနစ်ဖြင့် တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်(၃၀၀)ဦးမှ မဲပေးရွေးချယ် တင်မြှောက်ခဲ့ကြပါသည်။



























၂၀၁၇-၂၀၂၀ ခုနှစ်သက်တမ်းကာလအတွက် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ ရွေးချယ်ရာတွင် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး တာဝန်များအား ယှဉ်ပြိုင်မည့်သူ/ ကန့်ကွက်သူမရှိ၍ အဆိုပြု၊ ထောက်ခံစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ပြီး ကျန်စီမံခန့်ခွဲရေးကော်မတီဝင်များအား ဗဟိုအလုပ်အမှုဆောင်(၇၅)ဦးထဲမှ လျို့ဝှက်မဲစနစ်ဖြင့် တက်ရောက်လာသည့်ညီလာခံကိုယ်စားလှယ် (၃၀၀)ဦးမှ မဲပေးရွေးချယ် တင်မြှောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး အစီအစဉ်အရ ရွေးကောက်ခံ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ နှုတ်ဆက်အမှာစကားပြောကြားခဲ့ပြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌမှ နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ည(၁၁း၀၀)နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

# 6 March 2018 နေ့ နေပြည်တော် MICC-2 တွင်ကျင်းပသော မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် လုပ်ငန်းအဖွဲ့တွေ့ဆုံခြင်း




နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် လုပ်ငန်းအဖွဲ့အား တွေ့ဆုံစဉ် လုပ်ငန်းများအနေနှင့် လုပ်ဆောင်ရမည့်အချက်သုံးချက်ကို မိန့်ကြားခဲ့ပါသည်။

(၁) တောင်သူလယ်သမားများကို နည်းပညာအသစ်များရှာပြီး ပညာပေးရန်

(၂) လုပ်ငန်းများအနေဖြင့် တက်ကြွစွာ တီထွင်ဖန်တီးလိုစိတ်ဖြင့် ကြိုးစားရန်၊ နည်းလမ်းအသစ်များတီထွင်ရန်

(၃) အသင်း၏ လုပ်ငန်းများအနေဖြင့် နိုင်ငံတကာဈေးကွက်ထိုးဖောက်ရေး အထူးအလေးပေးကြိုးပမ်းရန်










# ဆန်စပါးကဏ္ဍ မဟာဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ ဖိုရမ်သို့ အသင်းချုပ်မှ ပါဝင်တက်ရောက်ဆွေးနွေးခြင်း

မြန်မာ့ဆန်စပါးကဏ္ဍ မဟာဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ ဖိုရမ်အား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ Sunshine ဟိုတယ်၌ နိုဝင်ဘာလ (၃)ရက်နှင့် (၄)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက မြန်မာ့ဆန်စပါး ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ မြန်မာ့ဆန်စပါးကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ရာဦးဆောင်ဆွေးနွေးသူအဖြစ် အသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်က ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးသူများအဖြစ် မွန်ပြည်နယ်မှ ဦးထွန်းဌေး- ပြည်နယ်ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အပါအဝင် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ အကြံပေးပုဂ္ဂိုလ် ဦးခင်စိုး၊ ဒုတိယအမှုဆောင် အရာရှိချုပ် ဦးမြင့်လွင်တို့ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။






















# မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အရည်အသွေးများ ပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation-IFC အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာ့ဆန်စပါး စံချိန်စံညွှန်း၊ အရည်အသွေးများ ပြင်ဆင်ရေးဆိုင်ရာဆွေးနွေးပွဲအား (၃.၁၂.၂၀၁၈) ရက်နေ့တွင် ကုန်သည်/စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်သန်းဦး၊ ဒေါက်တာမျိုးအောင်ကျော်၊ ဦးစိန်ဝင်းလှိုင်၊ ဦးအာယုနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ညီနောင်အသင်းများမှ ကော်မတီဝင်များ၊ လူငယ်အသင်းဝင်များ၊ အသင်းဝင်ကုမ္ပဏီဝင်များ၊ အသင်းဝင် တောင်သူလယ်သမားများ၊ စုစုပေါင်း (၁၉၅)ဦးတက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုတို့က အဖွင့်အမှာစကားများပြောကြားခြင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးသောင်းတိုက်စိုးမှ မြန်မာ့ဆန် စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးပွဲ တက်ရောက်လာသည့် တာဝန်ရှိသူများက မေးမြန်းဆွေးနွေးခြင်းနှင့်အသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဦးဘဟိန်း၊ ဒေါက်တာမင်းအောင်၊ ဦးကျော်ဇောမောင်၊ ဦးခင်စိုး၊ ဦးအောင်ဆန်းတို့မှ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲအား ပြည်ပဆန်ပို့ကုန်တိုးမြှင့်နိုင်ရေး အရည်အသွေးမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး၊ စပါး/ဆန် ရောင်းဝယ်မှုများအပေါ် တပြေးညီစံနှုန်းဖြစ်စေရေးနှင့် တောင်သူလယ်သမားနှင့်ရောင်းဝယ်သူများအတွက် ပိုမိုကောင်းမွန်တိကျသည့် ရောင်းဝယ်မှုစနစ်များ စသည့် ရည်ရွယ်ချက်များနှင့်အညီ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲမှ ရရှိသည့် အကြံပြုချက်များအား စုစည်းလျက် ပြန်လည်ညှိနှိုင်းပြင်ဆင်ခြင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ အကြံပြုချက်များရရှိရေးအတွက် အထက်မြန်မာပြည်ဒေသတစ်ခုခုတွင် ဆွေးနွေးပွဲတစ်ရပ် ထပ်မံပြုလုပ်ခြင်း၊ မြန်မာ့စပါး စံချိန်စံညွှန်းနှင့် အရည်အသွေးများ ပြင်ဆင်ရေးအတွက်အားလည်း ဆက်လက်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် အဆင့်ဆင့်လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ကြမည်ဖြစ်ပါသည်။















# မြန်မာပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ် အလားအလာ ဆွေးနွေးပွဲ










၁၄-၆-၂၀၁၈ ရက်နေ့တွင် MRF မှ ကြီးမှူးကျင်းပသော "မြန်မာပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ်အလားအလာ ဆွေးနွေးပွဲ" အား.စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အစည်းအဝေးခန်းမဆောင်အသစ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်၊ MRF မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ DAR, DOA မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂလိက ကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ နိုင်ငံခြားသားပညာရှင်များ တက်ရောက်ကြပါသည်။

အဆိုပါအခမ်းအနား၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်မှ မြန်မာနိုင်ငံ၏ သမိုင်းမျက်နှာစာတစ်ခုဖွင့်လှစ်နိုင်ခဲ့လို့ အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လှကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သော ပေါ်ဆန်းစပါး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ်၊ သမိုင်းကြောင်းများကို ယခုကဲ့သို့ ဆွေးနွေးပွဲဆောင်ရွက်နိုင်ခြင်းကြောင့် အလွန်ပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခင်က မြန်မာနိုင်ငံသည် ဆန်တန်ချိန် ၃.၄ သန်းတင်ပို့နိုင်ခဲ့တဲ့အတွက် ဆန်စပါးသည် အဓိက Export သီးနှံတခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်စပါးကဏ္ဍတာဝန်ရှိပုဂ္ဂိုလ်များမှ ဆန်စပါးကဏ္ဍ ပြန်လည်နိုးကြားတိုးတက်လာအောင် ဆောင်ရွက်ကြခြင်းကို ဝမ်းသာဂုဏ်ယူခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဆန်စပါးကဏ္ဍ ပြန်လည်ဦးမော့နိုင်အောင် ကြိုးစားကြလို့ ဝမ်းသာကြောင်း၊ ဝိုင်းဝန်းဆောင်ရွက်ပေးသော ဌာနဆိုင်ရာအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ရလဒ်ကောင်းများရရှိမည်ဟု မျှော်လင့်ပါကြောင်း အကျယ်တဝင့်ပြောကြားသွားပါသည်။

ထို့နောက် MRF မှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်မှ မြန်မာနိုင်ငံတွင် အားလုံးသိကြသည့်အတိုင်း ပေါ်ဆန်းမွှေးသည် လူတန်းစားမရွေး စားသုံးသော စပါးမျိုးဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲလုပ်ရခြင်းအကြောင်းရင်းမှာ ဟိုးရှေးယခင်ကလဲ ယခုကဲ့သို့ ဆွေးနွေးပွဲဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် စာအုပ်စာတမ်းအဖြစ်မှတ်တမ်းမတွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖတ်ကြားမည့်စာတမ်းရှင်များမှ ဖတ်ကြားမည့်စာတမ်းများအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

ထို့နောက် ဦးရဲမင်းအောင်မှလည်း ယခုဆွေးနွေးပွဲကို ဆောင်ရွက်ရန် ကြိုးစားနေသည်မှာ ကြာနေပြီဖြစ်ကြောင်း၊ ဆောင်ရွက်ခွင့်ရသဖြင့် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ အရေးလဲအလွန်ကြီးကြောင်း၊ နိုင်ငံတော်အစိုးရနှင့် MRF ဆက်သွယ်ဆောင်ရွက်ခဲ့သည်မှာ အစိုးရသက်တမ်း ၃ ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပေါ်ဆန်းစပါးအတွက် Pillar 3 ခုဖြစ်သော Productivity, Competitiveness, Governance စသည့် ကဏ္ဍများသည် အရေးကြီးကြောင်း၊ ပေါ်ဆန်းတွင် Hybrid ကိုလည်း စဉ်းစားလာရမည်ဖြစ်ကြောင်း၊ သန့်စင်မှု Purity ပိုင်းသည် အလွန်အရေးကြီးကြောင်း၊ ကမ္ဘာ့အရောင်းအဝယ်ကဏ္ဍ၌ Genetic purity certificate ကို တောင်းလာကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းနှင့် ပတ်သက်၍ Foundation တခု ထူထောင်ရန် လိုအပ်လာကြောင်း၊ ၄င်းကို အကောင်အထည်ဖော်ရန်လည်း ကြိုးစားနေကြောင်း၊ ထို့ပြင် Export ပိုင်းကို လည်းကောင်း/ ပြည်တွင်းစားသုံးမှုပိုင်းကိုလည်းကောင်း အထူးစဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီး စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့ပါသည်။




## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Japan International Cooperation Agency (JICA) တို့ တွေ့ဆုံလျက် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်မည့် ဆန်စပါးမျိုးစေ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး။

Japan International Cooperation Agency (JICA) မှ Chief Advisor ဖြစ်သူ Tomoyki FUJII ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် (၃) ဦးသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ (၂၃.၁.၂၀၁၈) ရက်နေ့တွင် လာရောက်ပြီး ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ ဦးသောင်းဝင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဝေယံတင့်ဆန်း၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်မွန်၊ အကြံပေး ဦးခင်စိုး၊ အမှုဆောင်အရာရှိချုပ် ဦးအောင်ဆန်းနှင့် ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ဆန်စပါးမျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်၍ တောင်သူလယ်သမားများအား နည်းပညာပေးရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် JICA တို့ ပူးပေါင်း၍ ခရိုင်အဆင့်စုစည်းတွေ့ဆုံမှုများ ဆောင်ရွက်သွားကြရန်နှင့် အသေးစိတ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြပါသည်။





# လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေးချေးငွေများအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆက်လက်ထုတ်ချေးပေးလျက်ရှိ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့ရှေ့ဆောင်ဘဏ်မှ ဘဏ်၏လုပ်ထုံးလုပ်နည်းများ၊ ဘဏ်၏စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များဖြင့် ညီညွတ်သည့် အသင်းချုပ် အသင်းဝင် တောင်သူလယ်သမားများအား ကာလလတ်ချေးငွေ (၃နှစ်-၅ရစ် ဆပ်စနစ်)ဖြင့် လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေး အတွက် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ (၃၁.၁၀.၂၀၁၈)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ၊ ဝါးသိမ်ကျေးရွာနှင့် ကျူတောချောင်ကျေးရွာမှ တောင်သူလယ်သမား(၃၅)ဦးတို့အား ငွေကျပ် (၁၃၃၆.၈)သိန်းကျပ်အား လည်းကောင်း၊ တွံတေးမြို့နယ် ရေကျော်ကျေးရွာနှင့် ကန်ဘဲ့ကျေးရွာတို့မှ တောင်သူလယ်သမား(၁၁)ဦးတို့အား ငွေကျပ် (၃၉၇.၂)သိန်းကျပ်အားလည်းကောင်း စုစုပေါင်း တောင်သူလယ်သမား(၄၆)ဦးအား ငွေကျပ်သိန်းပေါင်း(၁၇၃၄)သိန်းကို သွားရောက်ထုတ်ချေးပေးခဲ့ပါသည်။

အဆိုပါ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးရေးချေးငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ ကော့မှူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ မြန်မာ့ရှေ့ဆောင်ဘဏ်မှ တာဝန်ရှိသူများ၊ ကော့မှူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်လှကြည်တို့ ပါဝင်တက်ရောက် အားပေးခဲ့ကြပြီး ကဏ္ဍအလိုက် အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

အသင်းချုပ်အနေဖြင့် မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ပူးပေါင်း၍ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေးကို ပုဂ္ဂလိက ကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အသင်းဝင်စပါးစိုက် တောင်သူလယ်သမားများအား တတ်နိုင်သရွေ့ ကူညီပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။






## လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေးချေးငွေများပေးအပ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သီလှချောင်းကျေးရွာမှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင် တောင်သူလယ်သမား (၂၁)ဦးအတွက် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးရေးချေးငွေ ကျပ်သိန်းပေါင်း (၆၈၀)ကျပ်အားလည်းကောင်း၊ ကျုံပတုပ်ဝကျေးရွာမှ အသင်းဝင် တောင်သူလယ်သမား (၆၄)ဦးအတွက် လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေး ချေးငွေ ကျပ်သိန်းပေါင်း (၂၁၀၈)ကျပ် အားလည်းကောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏စီစစ် ညှိနှိုင်းတင်ပြချက်အရ မြန်မာ့ရှေ့ဆောင်ဘဏ်အနေဖြင့် ဘဏ်၏ လုပ်ထုံးလုပ်နည်းများ၊ ဘဏ်၏ စည်းကမ်းချက်များနှင့် ကိုက်ညီသည့်အတွက် ကာလလတ်ချေးငွေ ( ၃ နှစ် - ၅ရစ် ပြန်ဆပ်စနစ်) ဖြင့် ချေးငွေစုစုပေါင်း ကျပ်သိန်း(၂၇၈၈)ကျပ်ကို သက်ဆိုင်ရာဒေသများအရောက် (၃၀.၈.၂၀၁၈)ရက်နေ့တွင် ထုတ်ချေးပေးခဲ့ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်ရှိ အသင်းဝင် တောင်သူလယ်သမားများအား မြန်မာ့ရှေ့ဆောင်ဘဏ်မှ ချေးငွေများထုတ်ချေး

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်ရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်တောင်သူလယ်သမား(၆၉၀)ဦးအား မြန်မာ့ရှေ့ဆောင်ဘဏ်- MAB မှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်း အခမ်းအနားကို (၂၉.၆.၂၀၁၈) ရက်နေ့တွင် ဓနုဖြူမြို့၊ ကဋ္ဌနကျွန်းသာ Gold Delta ကုမ္ပဏီခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုသို့ ချေးငွေထုတ်ချေးပေးရာတွင် ချေးငွေအတွက် လယ်ယာမြေမှတ်ပုံတင်ပုံစံ(၇)အား အာမခံအဖြစ်ရယူပြီး တစ်ဧကလျှင် ကျပ်(၄)သိန်းနှုန်းဖြင့် (၃)နှစ်သက်တမ်းကာလအတွင်း (၅) ရစ်ပြန်ဆပ်စနစ်အရ ထုတ်ချေးပေးခြင်းဖြစ်ပြီး စုစုပေါင်း ချေးငွေကျပ် (၁.၆) ဘီလီယံကျော် ထုတ်ချေးပေးခဲ့ပါသည်။

လယ်ယာသားငါးထုတ်လုပ်မှု တိုးတက်စေရေးနှင့် တောင်သူလယ်သမားများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရေးအတွက် ရည်ရွယ်ချက်ဖြင့် မြန်မာ့ရှေ့ဆောင်ဘဏ်- MAB သည် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် အသင်းဝင်တောင်သူလယ်သမားများအား ဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် တောင်သူလယ်သမားရေးရာကော်မတီတို့၏ ပူးတွဲလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း





မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် တောင်သူလယ်သမားရေးရာ ကော်မတီတို့၏ ပူးတွဲလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၅.၁၀.၂၀၁၈)ရက်နေ့တွင် အသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးစိန်ဝင်းလှိုင်၊ ဒေါက်တာမျိုးအောင်ကျော်နှင့် ကော်မတီ(၂)ရပ်မှ ကော်မတီဝင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆန်စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် JICA, WHH အဖွဲ့အစည်းများနှင့် အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ တောင်သူလယ်သမားများသို့ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု အစီအစဉ်များ၊ စပါးများအား ပြည်ပသို့တရားမဝင် တင်ပို့ရောင်းဝယ်နေမှုအပေါ် ဝိုင်းဝန်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ အသင်းချုပ်၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်မှုဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ (၁)ရက်မှ (၃)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် "Myanmar Int'l Agrimach Expo 2019" ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရမည့် ကိစ္စရပ်များနှင့် စပါးပေါ်သည့်ရာသီကာလတွင် တောင်သူလယ်သမားများမှ ရိတ်သိမ်းပြီး စပါးများကို သိုလှောင်ထိန်းသိမ်းထားရှိပြီး မိမိရောင်းချလိုသည့်အချိန်တွင် ကာလပေါက်ဈေးဖြင့် ရောင်းချနိုင်ရန် Warehouse Financing အပါအဝင် သတင်းအချက်အလက်ဖြန့်ချီရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## မြန်မာ့ဆန်စပါးဥပဒေ(မူကြမ်း) ရေးဆွဲတင်ပြနိုင်ရေး အမျိုးသားလွှတ်တော်တွင် ရှင်းလင်းတင်ပြခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများသည် မြန်မာ့ဆန်စပါး ဥပဒေ(မူကြမ်း) တစ်ရပ်ရေးဆွဲတင်ပြနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်းနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် နှင့် အဖွဲ့ဝင်များကို (၇.၆.၂၀၁၈) ရက်နေ့တွင် အမျိုးသားလွှတ်တော်ရုံးအမှတ် (I-15) ၌ သွားရောက်တွေ့ဆုံရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြပါသည်။





## မြန်မာ့ဆန်စပါးဥပဒေ(မူကြမ်း) ရေးဆွဲတင်ပြနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် တင်ပြဆွေးနွေးခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့်တာဝန်ရှိသူများသည် မြန်မာ့ဆန်စပါး ဥပဒေ(မူကြမ်း) တစ်ရပ်ရေးဆွဲတင်ပြနိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းနှင့်အဖွဲ့ဝင်များကို (၁၄.၆.၂၀၁၈) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမှတ် (I-10) ၌ သွားရောက်တွေ့ဆုံရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပါသည်။






## ဥရောပသမဂ္ဂ (EU) ၏ GSP/EBA ရုပ်သိမ်းရန် စဉ်းစားသုံးသပ်နေချိန်တွင် ဆက်လက်ထားရှိခြင်းဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးမှုဖြစ်စဉ်အပေါ် အကျိုးပြုနိုင်ကြောင်း တင်ပြဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)၊ ဖိနပ်ချုပ်လုပ်ငန်းရှင်များအစုအဖွဲ့တို့သည် (၁၇-၁၂-၂၀၁၈) နေ့တွင် ဥရောပသမဂ္ဂ (EU) ၏ Mission အဖွဲ့ခေါင်းဆောင် DG Trade မှ Ms. Helena Koeninq၊ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး H.E. Mr.Kristian Schmidt တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဆန်စပါး၊ အထည်ချုပ်နှင့် ဖိနပ်ချုပ်လုပ်ငန်းများအပေါ် EU မှ ကုန်သွယ်မှုဆိုင်ရာ အထူးအထွေထွေအခွင့်အရေး GSP/EBA အစီအစဉ် ရုပ်သိမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် အခက်အခဲများကိုလည်းကောင်း၊ GSP/EBA အခွင့်အရေးပေးထားမှုကြောင့် ဈေးကွက် ပိုမိုရရှိကာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနေမှု အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးပြုနေသည့် အခြေအနေများကိုလည်းကောင်း အကျယ်တဝင့်ရှင်းပြခဲ့ပြီး၊ မြန်မာနိုင်ငံအပေါ် GSP/ EBA အခွင့်အရေး ဆက်လက်ပေးအပ်ထားရှိရန် တောင်းဆိုခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင် တက်ရောက်ခဲ့ပြီး မြန်မာ့ဆန်စပါးဈေးကွက် အခြေအနေကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် (European Commission) EU ကော်မရှင်တို့ တွေ့ဆုံလျက် ဥရောပသမ္မဂနိုင်ငံများသို့ ဆန်ပိုမိုတင်ပို့နိုင်ရေး ကိစ္စရပ်များဆွေးနွေး

European Commission ၏ DG Trade မှ Mr. Nikoloas ZAIMIS ဦးဆောင်သော EU ကိုယ်စားလှယ်အဖွဲ့(၅) ဦးတို့သည်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ (၁၇.၁.၂၀၁၈) ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဌ ဦးအာယု၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရာဇာမျိုး၊ ဒေါက်တာကျော်ကျော်အောင်နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီအဖွဲ့ဝင်များက လက်ခံတွေ့ဆုံခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် EU နိုင်ငံများမှ EBA ကဲ့သို့ အခွင့်အလမ်းများဆက်လက်ထားရှိနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာများ၊ စက်ကရိယာများကူညီပံ့ပိုးနိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲအား EU နိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ အရည်အသွေးကောင်း ဆန်များ၊ သတ်မှတ်အရည်အချင်းမီ ဆန်များပိုမိုတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရန်အစီအစဉ်များ၊ ပေါ်ဆန်းမွှေးဆန်များ၊ ပေါင်းဆန်များကို ဥရောပသမ္မဂနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အစီအစဉ်များ၊ ဆန်ပို့ကုန်မြှင့်တင်ရေးအတွက် EU ကော်မရှင်အနေဖြင့် အကူအညီပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။








# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation-IFC တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ MoU လက်မှတ်ရေးထိုးပွဲကျင်းပ









မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation-IFC; World Bank Group တို့အကြား “Supporting Sustainable development of Myanmar Rice Industry” အတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (Memoran-dum of Understanding – MoU) လက်မှတ်ရေးထိုးပွဲကို (၂၉.၅.၂၀၁၈)ရက်နေ့တွင် UMFCCI အစည်းအဝေးခန်းမ (၄၀၄)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

လက်မှတ်ရေးထိုးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲရေးကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ IFC မှ Country Manager; Mr. Vikram Kumar နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး MoU ကို အသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် Mr. Vikram Kumar တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ MoU အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation –IFC တို့သည် မြန်မာ့ဆန်စပါးစံချိန်စံညွှန်းများ၊ အလေးချိန် အချိန်အတွယ်များအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြောင်းလဲသတ်မှတ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာသုံးသပ်မှုများ ပြုလုပ်ပြီး နိုင်ငံတော်အစိုးရသို့ တင်ပြနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍအသီးသီးဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ရောင်းချမှုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် နည်းလမ်းများအား အမျိုးသားပို့ကုန် မဟာဗျူဟာနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။





# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)နှင့်၊ ဂျပန်နိုင်ငံ JICA ၏ အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Kett Electric Laboratory (Kett) ကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ








မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နှင့် ဂျပန်နိုင်ငံ JICA ၏ အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Kett Electric Laboratory (Kett) ကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MOU) လက်မှတ်ရေးထိုးပွဲအား ယနေ့(၂၆-၁-၂၀၁၈) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိန်ဝင်းလှိုင်၊ ဒေါက်တာမျိုးအောင်ကျော်၊ ဦးသောင်းဝင်း၊ ဦးအာယု၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်သည့် ဦးနေလင်း၊ ဦးအောင်ဇော်ဦး၊ ဦးရာဇာမျိုး၊ ဒေါက်တာကျော်ကျော်အောင်၊ တွဲဖက်ဘဏ္ဍာရေးမှူးများဖြစ်သည့် ဒေါ်ချိုချိုနှင့်ဒေါ်သီတာဝင်းတို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ Kett Electric Laboratory (Kett)မှ General Manager Norihiro YOSHIDA နှင့် အဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။

နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Post Harvest Technology လုပ်ငန်းစဉ်များတွင် အဓိက အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော စပါးနှင့်ဆန်များတွင် အစိုဓါတ်ကို တိုင်းတာစစ်ဆေးရာ၌ ပိုမိုကောင်းမွန်တိကျသည့် စနစ်တခု မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာရေးအတွက် JICA ၏ ပံ့ပိုးမှုအစီအစဉ်ဖြင့် Baseline Survey ကောက်ယူခြင်း၊ Pilot Activities များ၊ Seminar များ စသည့်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ယခု ၂၀၁၈-၂၀၁၉ ကာလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

# စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် WHH အဖွဲ့နှင့် အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး







Welt Hunger Hilfe – WHH အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "Rice Seed Sector Development (RSSD) Project in the Ayeyarwaddy Delta" စီမံကိန်းအား Public – Private – Partnership အစီအစဉ်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ရေး (Partner Agreement) လက်မှတ် ရေးထိုးပွဲအား (၁၇.၈.၂၀၁၈) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်နှင့် တာဝန်ရှိသူများ၊ WHH အဖွဲ့မှ Senior Seed Business Advisor; Mr.Andreas Graf နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး (Partner Agreement) အား ဒေါက်တာမျိုးအောင်ကျော်နှင့် Mr.Andreas Graf တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ သဘောတူညီချက်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းတွင် အစီအစဉ်(၅)ရပ်၌ WHH အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဗီယက်နမ်– မြန်မာ ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ





မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းမှ Mr. Ong Vinh Khang (Director of Vietnam-Myanmar Cooperation Center) မှ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် (၂၅.၁.၂၀၁၉) ရက်နေ့၌ အသင်းချုပ်မှ ဆန်စပါးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာဆွေးနွေးရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်၊ ဦးရာဇာမျိုး၊ ဗဟိုအလုပ်အမှုဆောင် ဦးသောင်းတိုက်စိုး၊ ဦးကျော်ကျော်မိုး၊ အကြံပေး ဦးလွင်ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

# TRT Rice Trade Conference

အောက်တိုဘာ(၉)ရက်နေ့ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(လူငယ်အသင်း)မှ ဥက္ကဋ္ဌ ဦးဖြိုးသောင်းဝင်း ဦးဆောင်သော အဖွဲ့ဝင်(၈)ဦးသည် Hanoi, Vietnam တွင် ပြုလုပ်သော (၁၀)ကြိမ်မြောက် The Rice Trader (TRT) ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ TRT conference သည်နှစ်စဉ်ကျင်းပသော ဆန်စပါးနှင့် ပတ်သက်သော ဆန်ပြည်ပ တင်ပို့သူများ၊ ဆန်တင်သွင်းကြသူများ၊ ဆန်ကုန်သည်များ၊ ဆန်ပွဲစားများ၊ ဆန်ကုန်သွယ်ရေး လုပ်ငန်းလုပ် ဆောင်ကြသူများ၊ ဆန်စက်ပိုင်ရှင်များတက်ရောက်ဆွေးနွေးကြသော နိုင်ငံတကာဆန်စပါး ညီလာခံတစ်ခုဖြစ်ပါသည်။ လူငယ်အသင်းအနေဖြင့် ပထမဦးဆုံးအကြိမ်တက်ရောက်ခဲ့သော နိုင်ငံတကာ ဆန်စပါးညီလာခံတစ်ခုတစ်ခုဖြစ်ပြီး လူငယ်များအနေဖြင့် အတွေ့အကြုံအသစ်များကိုရရှိခဲ့ရုံသာမက အတွေ့အကြုံများသောလုပ်ငန်းရှင်များနှင့်အတူ ညီလာခံတက်ခဲ့ရခြင်းကြောင့် များစွာသင်ယူလေ့လာခဲ့ရပါသည်။ ဆန်ရောင်းဝယ်ရေးအတွက် အဆက်အသွယ်များကိုလည်းရရှိခဲ့ပြီး TRT conference တွင် ဆန်အရောင်းအဝယ်များပြုလုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် လူငယ်အသင်းအနေဖြင့် TRT conference ကဲ့သို့သော နိုင်ငံတကာညီလာခံများကို တက်ရောက်ခြင်းဖြင့် အတွေ့အကြုံအသစ်များကို ရရှိရုံသာမက မျိုးဆက်သစ်လူငယ်များကိုလည်း လက်တွဲခေါ်ယူနိုင်ရန်ကြိုးစားသွားမည်ဖြစ်ပါသည်။








# မြန်မာ့ ဆန်/စပါး အရည်အသွေး စံချိန်စံညွှန်းများ အကြံပြုတင်ပြရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် IFC အဖွဲ့တို့ လစဉ်လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြန်မာ့ဆန်/စပါး အရည်အသွေး၊ စံချိန်စံညွှန်းများ အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီနှင့် International Finance Corporation-IFC အဖွဲ့တို့၏ Technical Working Group- TWG လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲများအား လစဉ်ညှိနှိုင်းဆွေးနွေးကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုသို့ကျင်းပပြုလုပ်ရာတွင် အသင်းချုပ်မှ လုပ်ငန်းကော်မတီဝင်များ၊ ဆန်စပါး လုပ်ငန်းကျွမ်းကျင်သူများ ဆန်အရည်အသွေးစစ်ဆေးရေး ပုဂ္ဂလိက ကုမ္ပဏီများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။




## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Food Policy Research Institute-IFPRI မှ ဒါရိုက်တာ Dr.Paul Dorosh အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် International Food Policy Research Institute-IFPRI မှ ဒါရိုက်တာ Dr.Paul Dorosh ခေါင်းဆောင်သည့် အဖွဲ့တို့၏ ဆန်စပါးဈေးကွက်ဆိုင်ရာပုံစံများ၊ ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေး အစီအမံများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို (၂၃-၂-၂၀၁၈) ရက်နေ့၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် IFPRI မှ Dr.Paul Dorosh မှ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ဆန်စပါးကုန်သွယ်မှုအခြေအနေများ၊ ဈေးနှုန်းဈေးကွက်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး အကြံပေးပုဂ္ဂိုလ်နှင့် ကော်မတီဝင်များက ပြန်လည်ဆွေးနွေးမေးမြန်းခြင်းများဆောင်ရွက်ခဲ့ကြပါသည်





# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ







နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ Strategy Adviser; Mr. Charles Roberge ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် (၄)ဦးတို့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် (၃၁.၁၀.၂၀၁၈)ရက်နေ့ နံနက်ပိုင်းတွင် အသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအာယု၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်း၊ ဦးသောင်းတိုက်စိုး၊ ဦးကျော်ကျော်မိုးနှင့် အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဦးခင်စိုး၊ ဦးလွင်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ဖွဲ့စည်းပုံအရ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ကြိတ်ခွဲခြင်းလုပ်ငန်း၊ ကုန်သွယ်ရောင်းဝယ်ခြင်းလုပ်ငန်း စသည့် ဆန်စပါးကဏ္ဍ အသီးသီးမှ အသင်းအဖွဲ့/ ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များစွာထဲမှ အရေးကြီးသော ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို (National Export Strategy- NES) တွင် ဖော်ပြထားရှိပါကြောင်း၊ အလားတူ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ မှ ဆွေးနွေးအကြံပြုချက် (၆၄)ချက်ကိုလည်း ဖော်ထုတ်ရရှိခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအပေါ် (ITC) အနေဖြင့် လေ့လာလျက် သင့်လျော်သည့်လုပ်ငန်းစဉ်များတွင် နိုင်ငံတကာအကူအညီအဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် USDA အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

United States Department of Agriculture. USDA အဖွဲ့မှ Agriculture Affairs Officer, Michael J.Shean ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ (၃၀.၄.၂၀၁၈) ရက်နေ့တွင် လာရောက်လျက်အသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ Myanmar Agriculture Policy, Myanmar Rice Industry, Private Sector Involvement, Future prospect for rice production, milling, consumption and Exports, utilization of farm mechanization in Myanmar အစရှိသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ အသေးစိတ်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။





# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် Vietnam Myanmar Friendship Association မှ တာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးပွဲကျင်းပ







မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ (Vietnam– Myanmar Friendship Association- President) Mr.Chu Cong Phung ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမတွင် (၁၃.၁၂.၂၀၁၈)ရက်နေ့၌ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

နှစ်နိုင်ငံ စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းလျက် အဆင့်မြင့်ဆန်များအား နိုင်ငံတကာဈေးကွက်သို့ ညှိနှိုင်းတင်ပို့နိုင်ရေးအား နည်းပညာများ ပူးပေါင်းဖလှယ်ဆောင်ရွက်နိုင်ရေး၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံ (၁၀၀) ဆောင်ရွက်မည့် အစီအစဉ်အတွက် နည်းပညာအကူအညီများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးခဲ့ကြပါသည်။

## ကိုရီးယားနိုင်ငံမှ Daewon GSI နှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ကိုရီးယား နိုင်ငံမှ Daewon GSI နှင့် Korea Agricultural Machinery Industry Cooperative (KAMICO) အဖွဲ့တို့တွေ့ဆုံလျက် ၎င်းတို့ ထုတ်လုပ်သည့် Color Sorter and Agricultural Machinery များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို (၁၅-၈-၂၀၁၈) ရက် နေ့၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ ဆန်စပါး စိုက်ပျိုးထုတ် လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဦးဦးဘိုးသိန်းနှင့် ဦးအောင်မွန်၊ Daewon GSI မှ Mr Lim Tae Jo , Korea Agricultural Machinery Industry Cooperative (KAMICO) Mr Sang Hwa Ahn နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



# ထိုင်းနိုင်ငံ Thailand Convention and Exhibition Bureau မှ လာရောက်တွေ့ဆုံဆွေးနွေး







ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ရုံး ကြီးကြပ်မှုဖြင့် ဖွဲ့စည်းဆောင်ရွက် ထားသော Thailand Convention and Exhibition Bureau – TCEB မှ Director, Kanokporn Damrongkul နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများနှင့် (၇.၈.၂၀၁၈) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယ ဥက္ကဋ္ဌ ဦးအာယုနှင့်အတူ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီမှ ဒေါက်တာကျော်ကျော်အောင်၊ ဦးရာဇာမျိုးတို့ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံတွင် နှစ်စဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ လာရောက်လေ့လာနိုင်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## Japan International Cooperation Agency JICA အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

စိုက်ပျိုးရေးဦးစီးဌာနနှင့် စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Japan International Cooperation Agency- JICA အဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ (၂၆.၇.၂၀၁၈)ရက်နေ့တွင် လာရောက်တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရွှေဘိုခရိုင် စီမံကိန်းဧရိယာတို့တွင် ဆောင်ရွက်နေသည့် Certified Seed မျိုးစေ့ထုတ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ JICA Project for Improvement on Accessibility of Rice Certified Seed မှ Chief Advisor FUJII Tomoyuki နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်ဦးဆောင်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။





## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ဆူဒန်နိုင်ငံ Phenomena Business PLC မှ Chairman ဖြစ်သူ Mr.Abdelazim Hassan A. Musa သည် ဆန်ပြည်ပတင်ပို့မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ (၁၉.၆.၂၀၁၈) ရက်နေ့ (၁၃း၀၀)နာရီ၌ လည်းကောင်း၊ SINWA GLOBAL LTD မှ Business Development Director ဖြစ်သူ Mr.Bernard Ong သည် Organic ဆန်များအပါအဝင် ဆန်များပြည်ပတင်ပို့နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ (၁၄း၀၀)နာရီ၌လည်းကောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအာယု ဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီဝင်များ၊ အကြံပေးပုဂ္ဂိုလ်များအား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။







## စင်္ကာပူနိုင်ငံအခြေစိုက် Golden Sunland Pte Co., Ltd နှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီဖြစ်သည့် InfraTrade Co., Ltd နှင့် စင်္ကာပူနိုင်ငံအခြေစိုက် Golden Sunland Pte Co., Ltd မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် (၂၇.၈.၂၀၁၈) ရက်နေ့တွင် အသင်းချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီမံခန့်ခွဲရေးကော်မတီဝင် ဦးမျိုးသူရအေး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးသောင်းတိုက်စိုး၊ အကြံပေးပုဂ္ဂိုလ်များနှင့် ဆန်ပြည်ပတင်ပို့မှု၊ဆန်စျေးကွက်နှင့် စျေးနှုန်းဆိုင်ရာ လေ့လာသုံးသပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ InfraTrade Co., Ltd မှ MD ဦးခင်မောင်ဝင်း၊ Golden Sunland Pte Co., Ltd မှ CFO; Mr. Jing Kai Peng, COO; David CY Chenတို့ တက်ရောက်ဆွေးနွေး ခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အဆိုပါကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း စပ်မျိုးစပါးများ စမ်းသပ်စိုက်ပျိုးမှု အခြေအနေ၊ နေရာဒေသ အလိုက် ဖြစ်ထွန်းအောင်မြင်မှုအခြေအနေ၊ အဆိုပါ စပါးမျိုးများကို တောင်သူလယ်သမားများနှင့် Contract Farming စနစ် ဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည့် အစီအစဉ်နှင့် ထွက်ရှိလာမည့် စပါးများအား Myanmar Fragrant Brown Rice, Myanmar Fragrant Rice အဖြစ် (500 g) Packing အိတ်များဖြင့် အသင့်ချက်ပြုတ်စားသုံးနိုင်သည့် အခြေအနေ Value added Product အဖြစ် စင်္ကာပူနိုင်ငံသို့ တင်ပို့သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး၊ အသင်းချုပ်အနေဖြင့် Contract Farming စိုက်ပျိုးရေးတွင် ပူးပေါင်းကူညီနိုင်မှု၊ Export လုပ်ရာတွင် စျေးနှုန်းမှန်ကန်စွာ တင်ပို့နိုင်ရေး စိစစ်ဆောင်ရွက်ပေးနိုင်မှုတို့ကို ဆွေးနွေးခဲ့ကြပါသည်။





# Sumitomo Corporation ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံ Sumitomo Corporation (Asia & Oceania) Pte.Ltd မှ Department General Manager, Mr.Hiroshi Yamamoto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲအား မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အစည်းအဝေးခန်းမ၌ (၂၁.၁၂.၂၀၁၈)ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကော်မတီဝင်များ ဖြစ်သည့် ဒေါက်တာစိုးထွန်း၊ ဦးရာဇာမျိုး၊ ဦးအောင်ကျော်ဦးနှင့်ကော်မတီဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏လက်ရှိဆန်ပြည်ပတင်ပို့ရောင်းချမှုအခြေအနေများအားလည်းကောင်း၊ ရှေ့လာမည့်နှစ်များတွင် ဆန်စပါးပိုမိုထုတ်လုပ်လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် လူဦးရေးတိုးတက်မှုအရ စားသုံးမှုတိုးတက်လာနိုင်မည့် အခြေအနေများအား လည်းကောင်း၊ ဆန်စပါးတိုးထုတ်မှုကြောင့် ပိုလျှံလာမည့်အခြေအနေနှင့် ထိုသို့ပိုလျှံလာသည့်အပေါ် Export တင်ပို့ရန် ကြိုးပမ်းနိုင်မည့်အခြေအနေများအားလည်းကောင်း၊ Export တင်ပို့ရာတွင် ကြုံတွေ့ရမည့် အခက်အခဲများ ဖြစ်သည့် ဆန်စက်များ ဖွံ့ဖြိုးရေး၊ Export ဆိပ်ကမ်းများ အဆင်သင့်ရှိစေရေး အခြေအနေ များနှင့် value added product များ ထုတ်လုပ်နိုင်မည့်အခြေအနေများအားလည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။



## ဂျပန်နိုင်ငံမှ MATSUYAMA Plow MFG Co.,Ltd တို့ တွေ့ဆုံဆွေးနွေးပွဲ





မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ နှင့် ဂျပန်နိုင်ငံမှ Matsuyama Plow Mfg. Co.,Ltd အဖွဲ့တို့၏ "Niplo" အမှတ်တံဆိပ် လယ်ယာသုံး စက်ကိရိယာများ ဖြန့်ဖြူးရေး၊ သုံးစွဲရေးနှင့် နည်းပညာဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို (၆.၈.၂၀၁၈) ရက်နေ့၌ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် ဦးဆောင်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ၊ Matsu-yama Plow Mfg. Co.,Ltd မှ Director, Makoto Ota နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက် ခဲ့ကြပြီး အဓိကအားဖြင့် Rotary Tiller, Drive Harrow, Deep Rotary Tiller စသည့် သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးတွင် အရေးပါသည့် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြလျက်၊ တောင်သူလယ်သမားများ၏ လယ်ကွင်းများတွင် လက်တွေ့သုံးစွဲပြသရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# Japan Project-Industry Council (JAPIC) တို့နှင့် တွေ့ဆုံဆွေးနွေးပွဲ











မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နစ်ဖက်သဘောတူ လက်မှတ်ရေးထိုးထားသည့် Japan Project-Industry Council (JAPIC) တို့၏ တွေ့ဆုံဆွေးနွေးပွဲအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမတွင် (၂၁.၁.၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးစိန်ဝင်းလှိုင်၊ ဦးအာယု၊ အထွေထွေ အတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ ဖြစ်သည့် ဦးလှမော်မြင့်မောင်၊ ဦးရာဇာမျိုး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒေါက်တာစိုးထွန်းနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး JAPIC မှ Mr.Masayuki Takashima; Chairman of JAPIC နှင့် အဖွဲ့ဝင် (၁၄)ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ့ဆန်စပါးကဏ္ဍ၏ လက်ရှိအခြေအနေများ၊ အခြေခံလိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးမည့်စနစ်များ၊ ဆန်စပါးကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ ဆန်စပါးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအပေါ် နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ပါသည်။

# မလေးရှားနိုင်ငံတွင် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်

## (MOC, MRF & MAPCO delegation to Malaysia)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကိုယ်စားလှယ်အဖွဲ့သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးမြှင့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရန်အတွက် မလေးရှားနိုင်ငံတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။











## SME ချေးငွေများ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်မှုများ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် တွေ့ဆုံညှိနှိုင်းချက်အရ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးဆောင်စီစဉ်မည့် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအတွက် ကျပ်ငွေ ဘီလီယံ (၆၀) အား ညှိနှိုင်းရရှိခဲ့ပါသည်-

- ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း
- ဆန်စပါးသိုလှောင်ရုံ အခြောက်ခံစက်များ တည်ဆောက်ခြင်း
- ပြည်ပသို့ ရောင်းချသူ SME Exporter များအတွက် လုပ်ငန်းသုံးချေးငွေ
- တောင်သူများစုဖွဲ့ပြီး အကျိုးတူစုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် ဇုန်များဖော်ဆောင်မှုလုပ်ငန်း
- ခေတ်မီ ဆန်စက်ယူနစ်များ တပ်ဆင်ရေးနှင့် ဆန်စက်အဆင့်မြှင့်တင်ရေး၊ ဆန်စက်လုပ်ငန်းဖွံ့ဖြိုးရေး
- ဖွဲနုဆီစက်၊ ကြာဇံစက်၊ ခေါက်ဆွဲစက်၊ ဆန်မှုန့်စက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်း
- စပါးခွံမှ လျှပ်စစ်ထုတ်စက်ရုံများတည်ဆောက်ခြင်း

အဆိုပါ ကိစ္စရပ်များအတွက် အသင်းချုပ်အနေဖြင့် ကနဦးလျှောက်လွှာများကို ခေါ်ယူဆောင်ရွက်ခဲ့ပြီး ဝန်ကြီးဌာန အဆင့်ဆင့်သို့ ဆက်လက်တင်ပြ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မူလအစီအစဉ် တင်ပြမှုများမှ SME ချေးငွေများရရှိခြင်း မရှိသောကြောင့် ယူနိုက်တက်အမရာဘဏ်နှင့် ချိတ်ဆက်လျက် SME လျှောက်ထားသူများအား JICA Two Step Loan ရရှိရေးကို တွေ့ဆုံ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## United Amara Bank (UAB) မှ SME လုပ်ငန်းရှင်များအတွက် Two Step Loan ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပပြုလုပ်





မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ဆောင်ရွက်မှုဖြင့် SMEချေးငွေ လျှောက်ထားခဲ့သည့် လုပ်ငန်းရှင်များအား ဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ JICA Two Step Loan ချေးငွေများကို စနစ်တကျ ထုတ်ချေးပေးနိုင်ရေးအတွက် United Amara Bank – UAB မှ တာဝန်ရှိသူများက တွေ့ဆုံရှင်းလင်း ဆွေးနွေးပွဲကို (၉.၁.၂၀၁၉) ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ SMEများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်သည့် ဦးလူမော်မြင့်မောင်၊ ဦးနေလင်းနှင့် ဦးရာဇာမျိုး၊ ကော်မတီဝင်ဒေါ်ခင်မိမိစိုး၊ UABဘဏ်မှ Assistant Director ဒေါ်သန္တာသင်း၊ Deputy Manager ဒေါ်ဖြူစင်စစ်ဦး နှင့် ဘဏ်ဝန်ထမ်းများ၊ အသင်းချုပ်အစီအစဉ်ဖြင့် SMEချေးငွေ လျှောက်ထားသည့်လုပ်ငန်းရှင်(၇၂)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းက SMEချေးငွေရရှိနိုင်ရေးအတွက် အသင်းချုပ်မှ ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ UAB ဘဏ်မှ ဒေါ်ဖြူစင်စစ်ဦးက JICA Two Step Loan ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့်အချက်အလက် အသေးစိတ်တို့ကို ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းရှင်များမှ သိရှိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် အသင်းချုပ်တွင် တင်ပြထားရှိသည့် SME လျှောက်လွှာတစ်ခုချင်းအပေါ် လိုအပ်ချက်များကို ဘဏ်ဝန်ထမ်းများက စိစစ်ပေးခဲ့ကြပါသည်။

## SME များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေရရှိရေးအတွက် ကူညီဆောင်ရွက်ပေး

ဆန်စပါးလုပ်ငန်းဆောင်ရွက်နေသော SME များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ချေးငွေရရှိရေးအတွက် ဆောင်ရွက်ရာတွင် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်လျော့ချ အစားထိုးရေးကိုလည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှုကိုလည်းကောင်း အခြေခံပြီး ဦးစားပေးလုပ်ငန်းများအား စနစ်တကျရွေးချယ်ပြီး စိစစ်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။ လုပ်ငန်းများကို အဆင့်ဆင့် စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလုပ်ငန်းများလုပ်ကိုင်နေသော SME များအနေဖြင့် ချေးငွေရယူလိုပါက အသင်းချုပ်နှင့် ဆက်သွယ်ပါရန် လက်ရှိဆောင်ရွက်နေခြင်း မဟုတ်သော်လည်း ဆောင်ရွက်ရန်ဆန္ဒရှိပါက ဆက်သွယ်နိုင်ပါကြောင်းထုတ်ပြန်ကြေညာခဲ့ပါသည်-

(က) ဆန်စပါးမျိုးစေ့ထုတ်လုပ်ရန်
(ခ) ဆန်စပါးအခြောက်ခံစက်များ တပ်ဆင်ရန်
(ဂ) သိုလှောင်ရုံများတည်ဆောက်ရန်
(ဃ) ဆန်စပါး ပြည်ပတင်ပို့ရောင်းချသော SME Exporter များအတွက် လုပ်ငန်းတိုးချဲ့ရန်
(င) ဆန်စက်များ အဆင့်မြှင့်တင်ရန်နှင့် ခေတ်မီဆန်စက်ယူနစ်များတပ်ဆင်ရန်
(စ) တောင်သူလယ်သမားများ စုဖွဲ့၍ စုပေါင်းစိုက်ပျိုးထုတ်လုပ်ရန်
(ဆ) ဖွဲနုဆီစက်များနှင့်တိရစ္ဆာန်အစာ စက်ရုံများ တည်ထောင်ရန်
(ဇ) ဆန်ခေါက်ဆွဲ၊ ဆန်ကြာဇံနှင့် ဆန်မှုန့်စသော တန်ဖိုးမြှင့်ထုတ်လုပ်ရေးလုပ်ရန်
(ဈ) စပါးခွံလောင်စာတောင့်များထုတ်လုပ်ရန်
(ည) စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ရန်

## စပါး ဆန်ဝယ်ယူရေးအတွက် ရက်တိုချေးငွေများရရှိရန် ဆောင်ရွက်မှု

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ ၌ စပါးတင်း (၁၀၀)လျှင် ကျပ်ငွေငါးသိန်းနှုန်းဖြင့် အခြေခံရည်ညွှန်းစပါး ဈေးနှုန်း အတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်းပြုခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ချက်နှင့်အညီ အခြေခံဈေးနှုန်းအောက်မရောက်ရှိစေရေးအတွက် ဆန်/စပါးများအား အသင်းချုပ်၏ အသင်းဝင်များဖြစ်သည့် စက်ပိုင်များ ကုန်သည်များအနေဖြင့် ထိန်းညှိဝယ်ယူပေးရန် လိုအပ်သည့်အလျောက် ငွေကြေး ရန်ပုံငွေ ရရှိရေးအတွက် ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသို့ အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| ၁၂.၄.၂၀၁၈ | - | ဝန်ကြီးဌာနသို့ ကာလတိုချေးငွေရရှိရေး အဆိုပြုတင်ပြခြင်း။ |
| ၂၄.၄.၂၀၁၈ | - | ဝန်ကြီးဌာနသို့ ကာလတိုချေးငွေရရှိရေး ထပ်မံမေတ္တာရပ်ခံ အဆိုပြုတင်ပြခြင်း။ |
| ၄.၆.၂၀၁၈ | - | မြန်မာ့စီးပွားရေးဘဏ်မှ ကာလတိုချေးငွေရရှိရေးအတွက် ပြန်ကြားခြင်း။ |
| ၁၂.၇.၂၀၁၈ | - | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကာလတိုချေးငွေရရှိရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံခြင်း။ |
| ၆.၈.၂၀၁၈ | - | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း သဘောထားပေးပို့ခြင်း။ |
| ၇.၈.၂၀၁၈ | - | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း သဘောထားပေးပို့ခြင်း။ |
| ၁၃.၈.၂၀၁၈ | - | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအစည်းအဝေး ဦးဆောင်ပြုလုပ်ပေးနိုင်ပါရန် တင်ပြခြင်း။ |
| ၂၀.၈.၂၀၁၈ | - | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ကာလတိုချေးငွေအား Interbank Landing စနစ်ဖြင့် ထုတ်ပေးနိုင်ရေး တင်ပြခြင်း။ |
| ၁၈.၁၀.၂၀၁၈ | - | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံသို့ တွေ့ဆုံရှင်းလင်းတင်ပြခွင့်ပြုပါရန် ထပ်မံ၍မေတ္တာရပ်ခံခြင်း။ |

# သီရိလင်္ကာနိုင်ငံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်တန်ချိန်(၃၀၀) ပေးပို့လှူဒါန်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ စီစဉ်ဆောင်ရွက်မှု၊မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်များ၏ ပူးပေါင်းလှူဒါန်းမှုဖြင့် သီရိလင်္ကာနိုင်ငံမှ ရေဘေးအန္တရာယ်တွေကြုံခဲ့ရသည့် ပြည်သူပြည်သားများအတွက် ဆန်တန်ချိန် (၃၀၀) ပေးပို့လှူ ဒါန်းပွဲအား ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ တန်(၅၀၀)ဆန်စက်တွင် (၂၄-၂-၂၀၁၈)ရက်နေ့၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr.K.W.N.D.Karunaratne နှင့် Minister, Mr.G.A.Senaratna၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် ဆန်လှူဒါန်းသည့် အသင်းဝင်အလှူရှင်များ တက်ရောက်ခဲ့ကြပါသည်။











# အားဖြည့်ဆန်(Fortified Rice) စီမံကိန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန PATH အဖွဲ့နှင့် အသင်းချုပ်တို့ တွေ့ဆုံဆွေးနွေး




အာဟာရဓါတ်အားနည်းသည့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးအတွက် အဓိက အာဟာရမြှင့်တင်ရေး နည်းလမ်းဖြစ်သည့် အားဖြည့်ဆန် (Fortified Rice) စီမံကိန်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ PATH အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးပွဲအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး အစည်းအဝေးခန်းမတွင် (၁၇.၈.၂၀၁၈) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ Medical Officer ဒေါက်တာကျော်နီနီဇော်၊ PATH မှ ဌာနေကိုယ်စားလှယ် ဒေါက်တာမျိုးမြင့်အောင်နှင့်အဖွဲ့၊ အားဖြည့်ဆန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အားဖြည့်ဆန်နှင့်ပတ်သက်၍ ကနဦး စတင်ခဲ့မှု အခြေအနေများ၊ အခက်အခဲများနှင့် ယခုလက်ရှိ တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအား ဦးနေလင်းဇင်က လည်းကောင်း၊ အားဖြည့်ဆန်အား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ရေး မှာကြားမှုများအား PATH ဌာနကိုယ်စားလှယ် ဒေါက်တာမျိုးမြင့်အောင် မှလည်းကောင်း၊ ဆန်တွင် အဏုအာဟာရဓါတ် ဖြည့်စွက်ခြင်းမူဝါဒ (မူကြမ်း)အား ဒေါက်တာသိန်းသန်းဝင်း (Policy Coordinator –PATH) မှ လည်းကောင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ NNC မှ ဒေါက်တာကျော်နီနီဇော်က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော Development Assistance Coordination Unit မှ ကြီးကြပ်ဆောင်ရွက်သည့် အမျိုးသားအာဟာရဖွံ့ဖြိုးမှု စီမံချက်အရ အားဖြည့်ဆန်စီမံကိန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအား လည်းကောင်း ဆွေးနွေးတင်ပြပြီး ပါဝင်တက်ရောက်သည့် အားဖြည့်ဆန်ထုတ်လုပ်ခြင်း၊ အားဖြည့်ဆန်ဖြန့်ဖြူးရောင်းချခြင်း၊ အားဖြည့်ဆန် ဝယ်လိုအား မြှင့်တင်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်အခန်းကဏ္ဍတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်မကျရောက်စေရေးအတွက် တိုင်းဒေသကြီး ပြည်နယ်များတွင် အစိုးအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၆.၃.၂၀၁၈ ရက်နေ့တွင် နေပြည်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ "မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှော ဖလှယ် ဆွေးနွေးပွဲ - ၂၀၁၈ ( MRF Stakeholder Forum-2018) "ကို ကျင်းပပြုလုပ်ခဲ့ပြီး အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဈေးကွက်ပေါက်ဈေး သည် အခြေခံဈေးအောက် ကျဆင်းနိုင်ချေရှိပါက၊ ဝယ်ယူရန် လိုအပ်သော အခြေအနေ ပေါ်ပေါက် လာပါက ထိန်းညှိဆောင်ရွက်မည့် အစီအစဉ်များနှင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ် ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို MRF ၏ စီမံခန့်ခွဲရေးကော်မတီဝင်များမှ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း စသည့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်းခြင်း၊ တွေ့ဆုံရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ရေကြီးနစ်မြုပ်၊ ထိခိုက်၊ ပျက်စီးမှုများအပေါ် အသင်းချုပ်အစီအစဉ်ဖြင့် ပါဝင်ကူညီလှူဒါန်းမှု အခြေအနေ

(၁) မွန်ပြည်နယ်

| | | |
|---|---|---|
| မျိုးစပါး (တင်း) | - | ၁၀၀၀ တင်း |
| ဆန်အိတ် | - | ၁၅၀ အိတ် |
| ငွေသားအလှူငွေ | - | ကျပ်သိန်း (၂၀) |

(မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ဦးဆောင်ပါဝင်လှူဒါန်းပါသည်။)

(၂) ကရင်ပြည်နယ်

| | | |
|---|---|---|
| မျိုးစပါး (တင်း) | - | ၁၀၀၀ တင်း |

(မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် - MAPCO မှ ဦးဆောင်လှူဒါန်းပါသည်။)

(၃) ပဲခူးတိုင်းဒေသကြီး

| | | |
|---|---|---|
| မျိုးစပါး (တင်း) | - | ၁၀၀၀ တင်း |
| Compound ဓါတ်မြေဩဇာ (အိတ်) | - | ၁၀၀ အိတ် |

(မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် - MAPCO မှ ဦးဆောင်လှူဒါန်းပါသည်။)

(၄) အသင်းချုပ်မှ စုစည်းထားသည့် ငွေသားအလှူရှင်များစာရင်း

| | | |
|---|---|---|
| ရွှေမနောမြေကုမ္ပဏီ-ဦးရာဇာမျိုး | - | ၁၀,၀၀၀,၀၀ |
| OMIC - ဒေါ်စိုးစန္ဒာအောင် | - | ၅,၀၀၀,၀၀ |
| ဝါးခယ်မကုမ္ပဏီ - ဦးထွန်းလင်း | - | ၅,၀၀၀,၀၀ |
| - အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး | - | ၁၀,၀၀၀,၀၀ |

## ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများ ကူညီ ဖြည့်ဆည်းပေးရေး အကြံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့- အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၁၁.၉.၂၀၁၈) ရက်နေ့တွင် ကျင်းပသည့် ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများ ကူညီ ဖြည့်ဆည်းပေးရေး အကြံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ အကြံညှိနှိုင်းအစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့- အဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်တို့ ပါဝင်တက်ရောက်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများအပေါ် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနိုင်ရေးအတွက် အသင်းချုပ်မှ အကြံပြုချက်(၅)ချက်ပါဝင်သော တင်ပြစာအား နိုင်ငံတော်အစိုးရသို့ တင်ပြအကြံပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အသင်းချုပ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက် ဆောင်ရွက်ရန် တိုက်တွန်းအကြံပြုခဲ့ပါသည်။

## တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် (SPS Protocol) စာချုပ်သက်တမ်းတိုးမြှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် စာချုပ်သက်တမ်းကုန်ဆုံးသွားသော Sanitary and Phytosanitary ( SPS Protocol) စာချုပ်အား ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလအထိ သက်တမ်းတိုးမြှင့်ထားနိုင်ပြီဖြစ်ပါသည်။ အဆိုပါစာချုပ်အရ ဆန်(Rice)အတွက် ပုံမှန်တင်ပို့မှုအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ဆန်ကွဲ (Broken Rice) တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ စိစစ်ဆောင်ရွက်ဆဲဖြစ်သဖြင့် ဆန်တင်ပို့မှုကိုသာ ပုံမှန်ဆောင်ရွက်နိုင်သေးကြောင်းနှင့် စာချုပ်သက်တမ်းအချိန်မီ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အသင်းချုပ်တင်ပြမှုအပေါ် အမြန်ဆုံးကူညီဆောင်ရွက်ပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။

# UMFCCI တွင် လစဉ် ကျင်းပပြုလုပ်သည့် နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တင်ပြဆွေးနွေးခဲ့သည့် အကြောင်းအရာများ

(၁) ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း စီမံကိန်း (Agribusiness Services Center –ASC Project) များအတွက် China EXIM Bank မှ ချေးငွေရယူနိုင်ရေးကိစ္စအပေါ် အကြောင်းကြားပေးနိုင်ရေးတင်ပြခြင်း။

(၂) Drying & Storage Center- DSC Project အတွက် ချေးငွေ (၁၅) ဘီလီယံရရှိနိုင်ရေးအတွက် အဆိုပြုတင်ပြခြင်း။

(၃) ပုဂ္ဂလိက အစိုးရပူးပေါင်းပြီး မျိုးကောင်းမျိုးသန့် စပါးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကိစ္စတင်ပြခြင်း။

(၄) လယ်ယာမြေမှတ်ပုံတင်လက်မှတ် (ပုံစံ-၇) ဖြင့် ဘဏ်ချေးငွေရယူနိုင်ရေးကိစ္စ။

(၅) နယ်စပ်မှ စပါးများ တရားမဝင်ကုန်သွယ်မှုဖြင့် ထွက်နေခြင်းကို ထိရောက်စွာ တားဆီးပေးရန်တင်ပြခြင်း။

(၆) နွေးစပါးပေါ်ချိန် ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းကျဆင်းခြင်းမှ ကာကွယ်နိုင်ရန် ဧပြီလ၊ မေလ၊ ဇွန်လ (၃)လအတွက် ဆန်စပါးဝယ်ယူရန် ချေးငွေ (၃၀)ဘီလီယံ စီစဉ်ပေးရန်ကိစ္စ။

(၇) အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်အား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စ။

(၈) တောင်သူလယ်သမားများအတွက် သီးနှံအာမခံစနစ် ဖော်ဆောင်ပေးရေးအား လုပ်ငန်းအဖွဲ့ TeskForce ဖွဲ့စည်းပေးနိုင်ရန်ကိစ္စ။

(၉) Exporter များအတွက် ပြည်တွင်းရှိ Foreign Bank များတွင် Trade Financing ရယူရေးကိစ္စ။

(၁၀) Exporter များအတွက် ပြည်ပတင်ပို့သည့် ဆန်/ဆန်ကွဲများအပေါ် ၂% ကြိုတင်ပေးဆောင်ရခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ပါရန်ကိစ္စ။

(၁၁) ဆန်စပါးနှင့်ပို့ကုန်သီးနှံများ၊ စားသောက်ကုန်များ စစ်ဆေးသည့် ဓါတ်ခွဲခန်းထူထောင်ရန်အတွက် မြေနေရာဌာနရမ်း အသုံးပြုရန်ကိစ္စ။

(၁၂) စပါးနှင့်ဆန်အတွက် စံချိန်စံညွှန်းများကို ပြန်လည်ပြုစုတင်ပြနိုင်ရေးအတွက် Tusk Force ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ။

(၁၃) ဆန်စပါးကုန်သွယ်မှုကိစ္စရပ်များအတွက် မူဝါဒရေးဆွဲဆောင်ရွက်ရေးကိစ္စ။

(၁၄) ပြည်တွင်းရှိ မြန်မာကုမ္ပဏီများအတွက် ကုန်သွယ်မှုဆိုင်ရာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်တွင် ဘဏ်ခွဲဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များအား ဆောင်ရွက်ခွင့်ပြုရေးကိစ္စ

(၁၅) ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့် သိုလှောင်ရုံများ တည်ထောင်နိုင်ရေးအတွက် မြေနေရာနှင့် (SME Exporter) များအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများရရှိရေးကိစ္စ။

## စပါးများ တရားမဝင် တင်ပို့နေခြင်းကိစ္စအား ထိရောက်စွာ ကာကွယ်တားဆီးပေးနိုင်ပါရန် တင်ပြခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပုဂ္ဂလိက ဆန်ပါးလုပ်ငန်းများအား ဦးဆောင်မှု ပြုလျက်ရှိပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် ပို့ကုန်မှ ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှု ( Export-led Growth) ကိုအခြေခံပြီး ပို့ကုန်မြှင့်တင်ရေးကိုစနစ်တကျစီမံဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၃.၇) သန်းခန့် ပြည်ပတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ တွင် ဦးတည်သတ်မှတ်ထားသည့် ရည်မှန်းချက်များဖြစ်သည့်-

- တစ်နှစ်လျှင် ဆန်တန်ချိန် (၄)သန်းအထိ ပြည်ပတင်ပို့နိုင်ရန်။
- ဆန်ပြည်ပ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၅) ဘီလီယံ ပို့ကုန်ဝင်ငွေရရှိစေရန်။
- ဆန်စက်လုပ်ငန်းများနှင့် သိုလှောင်ရောင်းဝယ်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်နှင့် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်။
- ဆန်ကြိတ်ခွဲမှုမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ငန်း၊ ဖွဲ၊ ဆန်ကွဲမှ မွေးမြူရေးအစာထုတ်လုပ်ငန်း၊ ဆန်ခေါက်ဆွဲ၊ ကြာဇံလုပ်ငန်းနှင့် ဖွဲနုမှ ဖွဲနုဆီထုတ်လုပ်ငန်းများစသော တန်ဖိုးမြှင့် Value added ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်။

စသည့် ရည်မှန်းချက်များ ရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် စပါးအတိုင်း အိမ်နီးချင်းနိုင်ငံသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ရောင်းဝယ်နေမှု အခက်အခဲအား ကြုံတွေ့နေရသဖြင့် လိုအပ်သည့် တားဆီးကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဝန်ကြီးဌာနများသို့ တင်ပြထားရှိခဲ့ပါသည်။ ထို့အပြင် ယခုနှစ် မိုးစပါးပေါ်ချိန်ကာလမှ စတင်၍ ဧရာဝတီတိုင်း/ ရန်ကုန်တိုင်း/ ပဲခူးတိုင်း တို့အထိ ကွင်းဆင်းဝယ်ယူနေပြီး နယ်စပ်မှတဆင့် စပါးအဖြစ် တင်ပို့နေမှုများအား ယခုထက်ပို၍ ထိရောက်စွာဖြင့် တားဆီးပေးနိုင်ပါရန်အတွက်လည်းကောင်း၊ အရေးကြီးကုန်စည်ဥပဒေ (သို့မဟုတ်) ပို့ကုန်/ သွင်းကုန် ဥပဒေတို့နှင့်အညီ တားမြစ်မိန့် ထုတ်ပြန်ပေးရန်အတွက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ နယ်စပ်ဒေသများသို့ ထွက်ရှိနိုင်သည့် ရေလမ်း/ကုန်းလမ်း ဆက်သွယ်ရေးလမ်းကြောင်းများ၏ အထွက်တွင် စိစစ်မှု၊ စစ်ဆေးမှုများ ပြုလုပ်ရန်အတွက်လည်းကောင်း၊ ဆန်ကို နိုင်ငံအနှံ့ လွတ်လပ်စွာ သယ်ယူပို့ဆောင်နိုင်ခွင့်ပြုထားပြီး စပါးကိုမူ တရားမဝင် ကုန်သွယ်မှုမဖြစ်စေရေး အလို့ငှာ သတင်းပို့၊ စာရင်းမှတ်စနစ်ဖြင့်သာ သယ်ယူပို့ဆောင်ခြင်းကိုလည်းကောင်း၊ အခြားသင့်လျော်သော အစီအမံများဖြင့်လည်းကောင်း တရားမဝင် ကုန်သွယ်မှုကို ထိရောက်စွာတားဆီးပေးပါရန်နှင့် တရားမဝင် ကုန်သွယ်မှု ပြုလုပ်နေသူများကို ဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အပြစ်ပေးနိုင်ရေးအတွက် စီစဉ်ညွှန်ကြားဆောင်ရွက်ပေးပါရန် ဒုတိယသမ္မတ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံသို့လည်းကောင်း၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့လည်းကောင်း တင်ပြစာပေးပို့ခဲ့ပါသည်။

## တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန် ဆန်ကွဲ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ပေးနိုင်ရေးကိစ္စ။

တရုတ်နိုင်ငံတွင် ယခင်က AQSIQ ဝန်ကြီးဌာနအား ယခုအခါတွင် ပြုပြင်ပြောင်းလဲမှုအစီအစဉ်(Reform Agenda) အရ ၂၀၁၈ ခုနှစ်၊ မတ်လမှစ၍ State Market Regulatory Administration –SMRA အဖြစ် ပြောင်းလဲဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် SMRA အကြီးအကဲထံသို့ စာရေးသားပေးပို့ပြီး SPS Protocol တွင် ဆန်ကွဲပါဝင်ကြောင်းကို Custom/CIQ စသော SMRA လက်အောက်ဌာနများမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တရုတ်ဆိပ်ကမ်းများတွင် အခက်အခဲများမရှိစေဘဲ လက်ခံရေးကိစ္စ၊ အကယ်၍ SPS Protocol တွင် ဆန်ကွဲ ထပ်မံတည့်သွင်းရန် လိုအပ်ပါက ထည့်သွင်းနိုင်ရေးကိစ္စ၊ နယ်စပ်မှ တင်ပို့မှုများအပေါ် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ရေးကိစ္စ၊ SMRA မှ ဆန် စပါး၊ ပြောင်း စသော သီးနှံအမယ်အလိုက် စစ်ဆေးရေးအဖွဲ့များကို (၂၀၁၉) ခုနှစ်တွင် မြန်မာနိုင်ငံသို့ စေလွှတ်ပေးရေးကိစ္စ (သို့မဟုတ်) မြန်မာနိုင်ငံမှ သွားရောက်တွေ့ဆုံညှိနှိုင်းပေးရေးကိစ္စတို့အား ညှိနှိုင်းဆောင်ရွက်နိုင်ပါရန်အတွက် အကြံပြုတင်ပြခဲ့ပါသည်။ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှလည်း SMRA နှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ပြီး လယ်ယာပို့ကုန် သီးနှံများအတွက် SPS ကိစ္စများကို ပိုမိုထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတဆင့် ညှိနှိုင်းတင်ပြ ကြိုးပမ်းပေးပါရန် တင်ပြခဲ့ပါသည်။

# နိုင်ငံခြားသားကုမ္ပဏီများအား ဆန်ပြည်ပတင်ပို့ခွင့် ( Export Permit) ခွင့်ပြုရန်ကိစ္စအပေါ် အကြံပြုချက်များတင်ပြခြင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံခြားသားကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများအား ပြည်ပတင်ပို့ခွင့် ( Export Permit) ခွင့်ပြုပေးခြင်းကို ပို့ကုန်မြှင့်တင်ရေးနှင့် နိုင်ငံတကာဈေးကွက်ချဲ့ထွင်ရေး အစီအစဉ်များနှင့်အညီ တင်ပို့ခွင့်များ ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်းနှင့် အကြံပြုချက်များပေးပို့ရန် အသင်းအဖွဲ့များထံ ကုန်သည်/ စက်မှု အသင်းချုပ်မှတဆင့် ညှိနှိုင်းတောင်းခံခဲ့ရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အသင်းချုပ်သည် ဆန်စပါး ဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အစဉ်အမြဲ ကြိုဆိုအားပေးရန် မူဝါဒကိုင်ဆွဲထားကြောင်း၊ ဆန်စပါးသည် သိမ်မွေ့ပြီး ထိခိုက်လွယ်သော သီးနှံဖြစ်သဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော Responsible Investor, Responsible Trader များကို ကြိုဆိုဖိတ်ခေါ်ရမည်ဖြစ်သော်လည်း ကာလတို အကျိုးအမြတ်သက်သက်ကိုသာ ဈေးကစားလိုသော ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လုပ်ဆောင်လာနိုင်မည့် Hit and Run လုပ်မည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၏ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်ကာ ဈေးကစားခြင်း၊ ဈေးကွက်တည်ငြိမ်မှုအပေါ် ထိခိုက်စေမည့် လုပ်ဆောင်ချက်များကို ကာကွယ်ဖော်ထုတ်တားဆီးရမည်ဟု ယူဆပါကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်ပတင်ပို့ခြင်းကို နိုင်ငံခြားသားကုမ္ပဏီများအား ခွင့်ပြုပြီး တင်ပို့ခွင့်လိုင်စင်ထုတ်ပေးမည်ဆိုပါက အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြောင်းပြန် ကြားခဲ့ပါသည်-

**လျှောက်ထားအဆိုပြုသည့် နိုင်ငံခြားကုမ္ပဏီသည်**

- အနည်းဆုံးအမေရိကန်ဒေါ်လာ(၃)သန်း၊ အများဆုံးအမေရိကန်ဒေါ်လာ(၁၀)သန်းယူဆောင်လာပြီးပြည်တွင်းဘဏ်များတွင် ဘဏ်စာရင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။ (ကုန်သွယ်မှု သက်သက်အတွက် အမေရိကန်ဒေါ်လာ (၁၀)သန်းထက်ပို၍ ခွင့်ပြုပေးခြင်း မသင့်ပါ။ ရင်းနှီးမြှုပ်နှံမှုအပေါ် ထိခိုက်နိုင်ချေရှိပြီး ဆန်စပါးလုပ်ငန်းတွင် FDI လျော့နည်းသွားနိုင်ပါသည်။)
- ဆန်စပါးလုပ်ငန်း (သို့မဟုတ်) သီးနှံ/လယ်ယာထွက်ကုန် ကုန်သွယ်ရေးလုပ်ငန်းကို အခြားနိုင်ငံများတွင် ဆောင်ရွက်သည့် အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည် ဖြစ်ပါသည်။
- ကုမ္ပဏီ၏ Annual Report, Financial Statements (3 years) တင်ပြရမည်ဖြစ်ပါသည်။
- သိုလှောင်ရုံ/ သိုလှောင်နိုင်မှု အကျယ်အဝန်း အနည်းဆုံး(၂၀,၀၀၀)စတုရန်းပေကို သက်တမ်းကာလ(၃)နှစ်အတွက် ငှားရမ်း အသုံးပြုရမည်။ ငှားရမ်းကာလ(၃)နှစ်အတွက် ငှားရမ်းစာချုပ် တင်ပြရမည်ဖြစ်ပါသည်။
- လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တွင်းဈေးကွက်တွင် အဓိက စားသုံးသော ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းစသော ပေါ်ဆန်းအုပ်စုဝင် ဆန်အမျိုးအစားများအား ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူ/ သိုလှောင်/ ရောင်းချခြင်း ခွင့်မပြုရန် ဖြစ်ပါသည်။ ထို့ပြင် စပါးနှင့် လုံးတီးဆန်တို့အားလည်း ပြည်တွင်းမှ ဝယ်ယူပြီး တင်ပို့ခြင်းကို ခွင့်မပြုရန် ဖြစ်ပါသည်။
- လုပ်ငန်းဆောင်ရွက်ရာတွင် အနည်းဆုံး (၃)နှစ်တာကာလ သတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်ရမည်။ နှစ်စဉ် ဆန်တန်ချိန် အနည်းဆုံး တန်ချိန် (၁၀,၀၀၀) ပြည်ပတင်ပို့ရမည်ဖြစ်ပါသည်။
- ဆန်တင်ပို့မှုရရှိသော ပို့ကုန်ဝင်ငွေ (Export Revenue) များကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ပြန်လည်ဝင်ရောက်ရေး အာမခံရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု၏ အသေးစိတ်အစီရင်ခံစာ မှတ်တမ်းနှင့် ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးထားသည့် ဘဏ္ဍာရေးရှင်းတမ်း (Annual Report and Audited Financial Statements) ကို နှစ်စဉ်တင်ပြရမည်ဖြစ်ပါသည်။
- ကုန်သွယ်မှုဖြစ်၍ အခွန်ဆိုင်ရာ သက်သာခွင့်များ၊ ကင်းလွတ်ခွင့်များ ခွင့်မပြုရန် ဖြစ်ပါသည်။
- ပြည်တွင်းဈေးကွက်အတွင်း ကုန်ပစ္စည်းဝယ်ယူရာတွင် ဆန်စက်လုပ်ငန်းများ၊ ဆန်စပါးကုမ္ပဏီများနှင့် MoU ရေးထိုးဆောင်ရွက်ရန်နှင့် ယင်း MoU များမှတဆင့် ဝယ်ယူစုဆောင်းခြင်း၊ ကုန်စည်ဒိုင်များမှတဆင့် ဝယ်ယူစုဆောင်းခြင်းတို့ကိုသာ ပြုလုပ်ခွင့်ရမည်ဖြစ်ပါသည်။
- လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင် ဖြစ်ပါသည်။

# 'မြန်မာ့ဆန်စပါးကဏ္ဍဆိုင်ရာဆွေးနွေးပွဲ' တွင် အသင်းချုပ်မှ ပါဝင်တက်ရောက်ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(MYANTRADE)နှင့် International Growth Centre-IGC အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "မြန်မာ့ဆန်စပါးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲ" အား ParkRoyal Hotel တွင် (၁၈.၁.၂၀၁၉)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပါသည်။


အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်မှ မြန်မာ့ဆန်စပါးကဏ္ဍ၏ လက်ရှိအခြေအနေများ၊ ပို့ကုန်တိုးမြှင့်နိုင်မှုအလားအလာများ၊ စပါးခွံမှ လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးကိစ္စများ၊ ဆန်စပါးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်မှုများ၊ ပုဂ္ဂလိက အစိုးရ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ဆွေးနွေးတင်ပြခဲ့ပါသည်။














# ပြည်တွင်းလေ့လာရေးခရီးစဉ်များ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(လူငယ်အသင်း)အနေဖြင့် ပြည်တွင်းဆန်စပါးခရီးစဉ်များကိုလည်း သွားရောက်လေ့လာခဲ့ကြပါသည်။ ၂၀၁၈ခုနှစ်အတွင်း ကျိုက်လတ် MAPCO လေ့လာရေးခရီးစဉ်၊ ရွှေဘိုခရီးစဉ်များသွားရောက်ခဲ့ကြပြီး ဒေသဆိုင်ရာ ဗဟုသုတများကိုလေ့လာပြီး ဒေသခံဆန်လုပ်ငန်းရှင်များနှင့် ဆန်အရောင်းအဝယ်များပြုလုပ်ခဲ့ကြပါသည်။





## ဗီယက်နမ်နိုင်ငံ လေ့လာရေးခရီးစဉ်

အသင်းချုပ်(လူငယ်အသင်း)သည် ၂၀၁၈ခုနှစ် ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းနှင့် ဟိုချီမင်းမြို့များသို့ လေ့လာရေးသွားရောက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ဆန်စက်များ၊ ဆန်ကုန်သွယ်မှုစနစ်များကို လေ့လာခဲ့ပါသည်။






## ဧရာဝတီတိုင်း၏ ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် LIFT ၏ ပံ့ပိုးကူညီမှု WHH ၏ ဦးဆောင်မှု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မျိုးစေ့ပြပွဲ ဖွင့်လှစ်ခြင်း



















ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 7 March 2018 ၉၂၂၁

# လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုနိုင်ငံဖြစ်အောင် တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့် အကောင်အထည်ဖော်ရန် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြား

နေပြည်တော် မတ် ၆

**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

အစိုးရဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတယ်။ ဆန်စပါးအသင်းနဲ့ ဆန်ကုန်သည်ကြီးများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတယ်။ တောင်သူလယ်သမားများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ဟာ ဒီလိုပဲ အားလုံးပူးပေါင်းဆောင်ရွက်မှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်။ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် အစိုးရနဲ့လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာပြည်သူများ အားလုံးပါဝင်မှ ဖြစ်မှာပါ။ အဲဒါကြောင့် ကျွန်မတို့ အခုဒီ အခမ်းအနားမှာဆိုရင် တောင်သူလယ်သမားကြီးများကို အထူးကြိုဆိုပါတယ်။ တောင်သူလယ်သမားကြီးများကို အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံဟာ ဆန်အများဆုံးထွက်တဲ့ နိုင်ငံတစ်ခုဖြစ်အောင်လို့ အလေးထားနေတာကြောင့်မို့လို့ ဒီလိုကြိုဆိုတဲ့နေရာမှာ ကျွန်မတင်မကဘူး၊ ကျွန်မတို့အစိုးရအဖွဲ့အားလုံးလည်း ပါဝင်တယ်ဆိုတာကို ပြောကြားချင်ပါတယ်။

ဆန်စပါးကဏ္ဍဟာ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်ဆိုတာ ထူးထူးထွေထွေ ပြောဖို့မလိုပါဘူး။ ခုနကလည်း ကျွန်မတို့ ဆန်စပါးသမိုင်းကြောင်းကို အားလုံးကြည့်ပြီးဖြစ်ပါတယ်။ တစ်ခုတော့ ကျွန်မ မကြိုက်တာပြောရမယ်။ စစချင်း တောင်သူလုပ်တာနဲ့ အရင်တုန်းက တိရစ္ဆာန်တွေ ဘာတွေကို အားကိုးတဲ့သူတွေက ဒုတ်ဆိုပြီး တုတ်ကြီးနဲ့ ရိုက်တာကို ကျွန်မဘယ်လိုမှ မကြိုက်ပါဘူး။ ဒါက စည်းရုံးယူရမှာဖြစ်ပါတယ်။ အစတုန်းက တိရစ္ဆာန်တွေသတ်သူတစ်ယောက်က ဆန်စပါးစိုက်ပြီး ရှင်သန်နိုင်အောင်လို့ စိတ်ပါလာအောင် စည်းရုံးယူရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ အရာရာမှာ ဒီလိုစိတ်ထား ထားစေချင်တယ်။ မြင်သာတဲ့နည်းတွေနဲ့ ပညာသားပါပါနဲ့ ဖြစ်စေချင်တဲ့ကိစ္စဖြစ်အောင်လို့ ကျွန်မတို့ ညီညွတ်မှုရအောင်လို့ စည်းရုံးတဲ့နည်းနဲ့ရစေချင်ပါတယ်။ အကြမ်းဖက်တဲ့နည်း၊ အနိုင်ကျင့်တဲ့နည်းတွေကို မသုံးစေချင်ပါဘူးလို့ ကျွန်မပြောပါရစေ။ ကျွန်မတို့ရဲ့ အစိုးရအနေနဲ့ ပြည်သူလူထုကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

**တောင်သူလယ်သမားကြီးများရော၊ သုတေသနပညာရှင်များပါ ရာသီဥတု ပြောင်းလဲမှုအပေါ် အခြေခံပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမှာတွေကို စဉ်းစားဖို့ အင်မတန်အရေးကြီး . . .**



**မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။**

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်

**နေပြည်တော် မတ် ၆**

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**ထုတ်ပြန်ကြေညာချက်အမှတ်(၀၈/၂၀၁၈)**
**၂၀၁၈ ခုနှစ်၊ မတ်လ (၆)ရက်**
**အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင် ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများ အနေဖြင့် (အစိုဓာတ် ၁၄%)ရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်အသိပေးအပ်ပါသည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်း၏အပေါ်တွင် ဖြစ်ပေါ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး အကယ်၍ ဈေးကွက်ပေါက်ဈေးသည် အခြေခံ ဈေးနှုန်းအောက်တွင် ကျဆင်းဖြစ်ပေါ်ပါက အခြေခံဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။

၂။ ပေါ်ဆန်း၊ အထူးဧည့်မထအုပ်စု စသော အချို့သော အဆင့်မြင့်စပါးအုပ်စုတို့သည် တင်း ၁၀၀ လျှင် ခုနစ်သိန်း၊ ရှစ်သိန်းမှ ၁၀ သိန်းကျော်အထိ ဈေးကောင်းရရှိနေပြီဖြစ်၍ အဆိုပါစပါးများကို ဈေးကွက်ပေါက်ဈေးအတိုင်းသာ ရောင်းဝယ်ရန်ဖြစ်ပါသည်။ သို့ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် တောင်သူလယ်သမားအများစု စိုက်ပျိုးသော သာမန်စပါးအမျိုးအစားများသည် စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသောကြောင့် အဆိုပါလုပ်ကွက်ငယ် တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ဦးစားပေးသောအားဖြင့် ၎င်းတို့ စိုက်ပျိုးသော စပါးများအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် နွေစပါးပေါ်ချိန်နှင့် ၂၀၁၈ ခုနှစ် မိုးစပါးပေါ်ချိန်တို့အတွက် အဓိက ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိက ကုန်သည်/စက်ပိုင်များ၊ ကုမ္ပဏီများကို ဦးဆောင်စည်းရုံး၍ လုပ်ကွက်ငယ်တောင်သူလယ်သမားအများစု စိုက်ပျိုးထုတ်လုပ်သော စပါးများကို စပါးပေါ်ချိန်တွင် ဈေးကောင်းရရှိရေးအတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်းကောင်း ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြေခံစပါးဈေးနှုန်း သတ်မှတ်ခြင်းကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက် ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ စသော အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်မှု ရာသီအတွက် ဖြစ်သင့်သော အခြေခံဈေးနှုန်းကို ရာသီအလိုက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အခြေခံဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI ၊ ၉ လွှာ၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၁၈၂၆၆~၆၈၊ ၀၁-၂၃၀၁၁၂၈~၂၉**

၈ | ကြေးမုံ | မတ် ၇၊ ၂၀၁၈
ပြည်တွင်းရေးရာ

# မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၆**

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဗဟိုအလုပ်အမှုဆောင်များနှင့် အမှုဆောင်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆန်စပါးသမိုင်းနှင့် မြန်မာ့ဆန်စပါးကဏ္ဍ၏ တိုးတက်ပြောင်းလဲမှု ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။




**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကား ပြောကြားစဉ်။**

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် စပါးစိုက်တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင် ဖော်ဆောင်ပေးနိုင်မည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာသည်။ **(အဆိုပါ ထုတ်ပြန်ကြေညာချက်ကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပြုတင်ပြချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး K.W.N.D Karunaratne က မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ လှူဒါန်းပေးမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တောင်သူလယ်သမားများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် စပါးစိုက် တောင်သူများအတွက် အကျိုးအမြတ်ရရှိရေးခေါင်းစဉ်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးစင်တာ ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာခိုင်၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးစိုးလင်းထွန်းတို့က လည်းကောင်း၊ ဆန်စက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သိုလှောင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းများ ကောင်းမွန်စေရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆန်စက်နည်းပညာ ကျွမ်းကျင်ပညာရှင် ဒေါက်တာရဲအောင်၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရည်လင်းနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ အကြံပေး Dr.Larry Wong တို့က လည်းကောင်း၊ ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ဆန်းသစ်တီထွင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲရန် လိုအပ်မှုများအပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးဌေးရှိန်တို့က လည်းကောင်း၊ ပို့ကုန်မြှင့်တင်ရေး၊ ဈေးကွက်များ ရေရှည်ရရှိစေရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသိဂီမြင့်တို့ကလည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြသည်။ **သတင်းစဉ်**



**မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစဉ်။**

# MYANMAR RICE FEDERATION

## Financial Statements

2017-2018

2018-2019 ( As at 30th September 2018)

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ၃၁.၃.၂၀၁၈ နေ့ရှိ လက်ကျန်ရှင်းတမ်း

| စဉ် | အကြောင်းအရာ | | အသေးစိတ် (ကျပ်) | သင့်ငွေ (ကျပ်) |
|---|---|---|---|---|
| | **ရပိုင်ခွင့်များ** | | | |
| ၁။ | **ပုံသေပိုင်ပစ္စည်းများ** | ဇယား(၁) | | 45,213,869.81 |
| ၂။ | **လက်ငင်းရပိုင်ခွင့်များ** | | | 26,178,692.11 |
| | ၂.၁ လက်ဝယ်ရှိငွေစာရင်း | ဇယား(၂) | 1,464,975.00 | |
| | ၂.၂ ဘဏ်ရှိငွေစာရင်း (မြန်မာနိုင်ငံသားများဘဏ်) | ဇယား(၃) | 32,917.50 | |
| | ၂.၃ ဘဏ်ရှိငွေစာရင်း (မြန်မာရှေ့ဆောင်ဘဏ်) ငွေစုစာရင်း | ဇယား(၄) | 1,075.00 | |
| | ၂.၄ ဘဏ်ရှိငွေစာရင်း (MICB Bank) | ဇယား(၅) | 137,218.56 | |
| | ၂.၅ ဘဏ်ရှိငွေစာရင်း (မြန်မာရှေ့ဆောင်ဘဏ်) ဝါးတန်း | ဇယား(၆) | 24,402,106.05 | |
| | ၂.၆ ဘဏ်ရှိငွေစာရင်း (မြန်မာရှေ့ဆောင်ဘဏ်)USD | | 129,900.00 | |
| | ၂.၇ အသေးသုံးငွေလက်ကျန် | ဇယား(၇) | 10,500.00 | |
| | **စုစုပေါင်းရပိုင်ခွင့်များ (၁+၂)** | | | 71,392,561.92 |
| | **ရန်ပုံငွေနှင့်ပေးရန်တာဝန်များ** | | | |
| ၃။ | **ရန်ပုံငွေ** | | | 71,392,561.92 |
| | ၃.၁ စာရင်းဖွင့် | | 81,429,262.87 | |
| | ၃.၂ ဝင်ငွေ ထက်ပိုသော အသုံးစရိတ် | | (10,036,700.95) | |
| | **စုစုပေါင်းရန်ပုံငွေ** | | | 71,392,561.92 |

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ၃၁.၃.၂၀၁၈ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားသော စာရင်းများသည် လုပ်ငန်း၏ ဘဏ္ဍာရေးအခြေအနေမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားသည်ဟု ထင်မြင်ယူဆပါသည်။

ဦးအောင်မြင့်
ဘဏ္ဍာရေးမှူး

ဦးရဲမင်းအောင်
အထွေထွေအတွင်းရေးမှူး

ဦးချစ်နိုင်
ဥက္ကဋ္ဌ

ဦးမျိုးသူရအေး
စာရင်းစစ်

30/10/18
Kyu Kyu Win
B.Com, C.P.A, M.B.A
D.B.L, D.M.L
Certified Public Accountant

## မြန်မာရွှေ့ဆောင်ဘဏ် - ငွေစုစာရင်း (ဂါးတန်းလမ်း)

ဇယား (၆)

| စဉ် | အကြောင်းအရာ | အသေးစိတ် | သင့်ငွေ (ကျပ်) |
|---|---|---|---|
| ၁။ | စာရင်းဖွင့်လက်ကျန် - ငွေစုဘဏ်စာရင်း | | 29,278,839 |
| | စာရင်းဖွင့်လက်ကျန် - စာရင်းရှင်စာရင်း | | 10,000 |
| ၂။ | ရငွေများ | | 193,694,626 |
| | ၂.၁ ဘဏ်သို့အပ်ငွေ | 123,424,190 | |
| | ၂.၂ Sponsor အလှူငွေစာရင်း | 28,511,931 | |
| | ၂.၃ Advance A/C (Forum) | 5,000,000 | |
| | ၂.၄ ခေတ္တစိုက်ငွေစာရင်း | 594,150 | |
| | ၂.၅ နှစ်စဉ်ကြေး (ကုမ္ပဏီ) (US$ ရောင်းရငွေ) | 660,000 | |
| | ၂.၆ အသင်းဝင်ကြေး(ကုမ္ပဏီ)(US$ ရောင်းရငွေ) | 396,000 | |
| | ၂.၇ ဘဏ်တိုးရငွေ | 2,001,358 | |
| | ၂.၈ မီတာခစာရင်း | 106,997 | |
| | ၂.၉ အလှူငွေစာရင်း | 10,000,000 | |
| | ၂.၁၀ အလှူငွေစာရင်း - (Forum Sponsor) | 23,000,000 | |
| ၃။ | စုစုပေါင်းရငွေများ | | 222,983,465 |
| ၄။ | ပေးငွေ | | (198,581,359) |
| | ၄.၁ အသေးသုံးဆောင်ငွေဖြည့်ရန် | 11,419,835 | |
| | ၄.၂ ကော်ပီ မိတ္တူစရိတ်စာရင်း | 2,158,300 | |
| | ၄.၃ ငြိမ်းချမ်းရေး ညီလာခံစာရင်း | 231,000 | |
| | ၄.၄ ခရီးစရိတ်စာရင်း | 1,491,380 | |
| | ၄.၅ ဂန်ဆောင်စရိတ် | 756,000 | |
| | ၄.၆ မော်တော်ကားပြင်စရိတ်စာရင်း(1J /2832) | 782,000 | |
| | ၄.၇ မော်တော်ကားပြင်စရိတ်စာရင်း(1J /8502) | 377,650 | |
| | ၄.၈ ဆက်သွယ်ဆောင်ရွက်ခစာရင်း | 300,000 | |
| | ၄.၉ သင်တန်းစရိတ်စာရင်း | 415,000 | |
| | ၄.၁၀ စာရင်းစစ်ခ | 600,000 | |
| | ၄.၁၁ ကြိုတင်ငွေစာရင်း (1/2017 ဆန်ပြည်ပသင်တန်း) | 5,000,000 | |
| | ၄.၁၂ ရုံးသုံးပစ္စည်းစာဂုင်း( မိတ္တူကူးစက်ဝယ်ခြင်း) | 1,362,000 | |
| | ၄.၁၃ ရုံးသုံးပရိဘောဂစာဂုင်း (Furnitrue & Fitting) | 233,000 | |
| | ၄.၁၄ ရုံးသုံးပစ္စည်းစာဂုင်း (Office Equipment) | 699,100 | |
| | ၄.၁၅ အသင်းသားရေးရာစရိတ်စာရင်း | 1,301,900 | |
| | ၄.၁၆ ကြိုတင်ငွေ စာရင်း (ပုသိမ်ခရီးစဉ်၊ ပဲခူးခရီးစဉ်) | 900,000 | |
| | ၄.၁၇ ကြိုတင်ငွေ စာရင်း (ဂန်ထမ်းယူနီဖောင်း) | 1,125,000 | |
| | ၄.၁၈ ကြိုတင်ငွေ စာရင်း (PVC White Card ဝယ်ခြင်း) | 2,300,000 | |
| | ၄.၁၉ ကြိုတင်ငွေ စာရင်း (ဆန်စက်သင်တန်း) | 6,618,500 | |
| | ၄.၂၀ Trade Policy Meeting | 100,000 | |
| | ၄.၂၁ အဆောက်အဦး ပြင်စာရင်း | 180,000 | |
| | ၄.၂၂ ရုံးသုံးပစ္စည်းစရိတ် | 409,280 | |
| | ၄.၂၃ ရုံးသုံးစက်ပစ္စည်းပြင်ဆင်စရိတ် | 197,000 | |
| | ၄.၂၄ ရုံးသုံးပရိဘောဂပြင်ဆင်စရိတ် ပစ္စည်းစာရင်း | 486,000 | |
| | ၄.၂၅ အသင်းသားရေးရာစရိတ်စာရင်း | 1,980,000 | |

## မြန်မာရွှေဆောင်ဘဏ် - ငွေစုစာရင်း (ဂါးတန်းလမ်း)

ဇယား (၆)

| စဉ် | အကြောင်းအရာ | အသေးစိတ် | သင့်ငွေ (ကျပ်) |
|---|---|---|---|
| | ၄.၂၆ ကြိုတင်ငွေ စာရင်း (Stakeholder Forum) | 50,000,000 | |
| | ၄.၂၇ ကြိုတင်ငွေ စာရင်း (ဆန်စပါးသင်တန်း) | 7,000,000 | |
| | ၄.၂၈ CEC & EC အစည်းအဝေးစာရင်း | 2,537,523 | |
| | ၄.၂၉ စိုက်ပျိုးရေးနှင့်ဆိုင်သော အစည်းအဝေးတက်ရောက်ကုန်ကျစရိတ် | 903,230 | |
| | ၄.၃၀ ညီလာခံစရိတ် စာရင်း | 30,587,435 | |
| | ၄.၃၁ ဆန်စက်သင်တန်းဆင်းပွဲကုန်ကျစရိတ်စာရင်း | 1,078,290 | |
| | ၄.၃၂ အထွေထွေဧည့်ခံစရိတ် | 486,000 | |
| | ၄.၃၃ Stakeholder Forum အသုံးစရိတ်စာရင်းထုတ်ငွေ | 22,056,875 | |
| | ၄.၃၄ လက်ဆောင်ပစ္စည်းစာရင်း | 390,000 | |
| | ၄.၃၅ လျှပ်စစ်မီတာခစာရင်း | 1,245,019 | |
| | ၄.၃၆ အင်တာနက်ဘေလ် | 1,159,705 | |
| | ၄.၃၇ အလှူငွေစာရင်း | 966,615 | |
| | ၄.၃၈ အပိုဆုငွေစရိတ်စာရင်း (Bonus) | 1,540,000 | |
| | ၄.၃၉ Website Domain Name & Hosting | 400,050 | |
| | ၄.၄၀ လစာစရိတ်စာရင်း | 34,487,672 | |
| | ၄.၄၁ ဂန်ထမ်းထောက်ပံ့ကြေးစရိတ် | 2,320,000 | |
| ၅။ | စာရင်းပိတ်လက်ကျန် | | 24,402,106 |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## အသုံးစရိတ်စာရင်းစာရင်း (၁.၄.၂၀၁၇ မှ ၃၁.၃.၂၀၁၈ ထိ)

ဇယား (၈)

| စဉ် | အကြောင်းအရာ | သင့်ငွေ(ကျပ်) |
|---|---|---|
| ၁။ | ကားပါကင်စရိတ်စာရင်း | 63,900 |
| ၂။ | စက်ဆီ၊ ဓာတ်ဆီ၊ CNG စာရင်း | 733,700 |
| ၃။ | လုပ်ငန်းသုံးပစ္စည်းစရိတ်စာရင်း | 1,023,720 |
| ၄။ | သတင်းစာစရိတ် | 756,600 |
| ၅။ | သောက်ရေသန့်စရိတ်စာရင်း | 384,500 |
| ၆။ | ခရီးစရိတ်စာရင်း | 1,809,380 |
| ၇။ | စာရေးကရိယာ | 1,102,220 |
| ၈။ | ဆက်သွယ်ရေးစရိတ်စာဂင်း | 670,000 |
| ၉။ | အင်တာနက်ဘေလ် | 1,213,905 |
| ၁၀။ | အထွေထွေဧည့်ခံစရိတ် | 2,333,125 |
| ၁၁။ | စာပို့ခ | 790,450 |
| ၁၂။ | ရုံးအသုံးဆောင်ပစ္စည်း ပြင်ဆင်စရိတ်စာရင်း | 1,104,000 |
| ၁၃။ | ရုံးသုံးပရိဘောဂပြင်ဆင်စရိတ် ပစ္စည်းစာရင်း | 603,000 |
| ၁၄။ | ကော်ပီ/မိတ္တူစာရင်း | 2,569,650 |
| ၁၅။ | အလုပ်သမားခစာရင်း | 121,000 |
| ၁၅။ | စက်ဆီ၊ ချောဆီ၊ စာရင်း (1J 2832) | 2,291,550 |
| ၁၆။ | စက်ဆီ၊ ချောဆီ၊ စာရင်း (1C 8502) | 220,650 |
| ၁၇။ | မိတ္တူကူးစက်ပြင်ဆင်ခြင်း | 197,000 |
| ၁၈။ | သယ်ယူပို့ဆောင်စရိတ်စာရင်း | 15,000 |
| ၁၉။ | လက်ဆောင်ပစ္စည်း စာရင်း | 640,600 |
| ၂၀။ | ရုံးခန်းငှားခ | 24,648,000 |
| ၂၁။ | အထွေထွေစရိတ် | 162,500 |
| ၂၂။ | လျှပ်စစ်မီတာခစာရင်း | 1,245,019 |
| ၂၃။ | အသင်းသားရေးရာစာရင်း | 3,315,400 |
| ၂၄။ | စာရင်းစစ်ဆေးခ | 600,000 |
| ၂၅။ | ယူနီဖောင်းစာရင်း | 1,138,500 |
| ၂၆။ | လစာစရိတ်စာရင်း | 9,839,672 |
| ၂၇။ | ဂန်ထမ်းထောက်ပံ့ကြေးစရိတ် | 2,320,000 |
| ၂၈။ | သင်တန်းစရိတ် | 90,000 |
| ၂၉။ | ဘဏ်စရိတ်စာရင်း | 10,250 |
| ၃၀။ | ကားပြင်စရိတ်စာရင်း (1j-2832 ) | 1,010,000 |
| ၃၁။ | ကားပြင်စရိတ်စာရင်း (1j-8502) | 338,500 |
| ၃၂။ | ဆန်စက်သင်တန်းဆင်းပွဲကုန်ကျစရိတ်စာရင်း | 1,078,290 |
| ၃၃။ | အလှူငွေစာရင်း | 1,039,615 |
| ၃၄။ | Trade Policy Meeting | 175,000 |
| ၃၅။ | Forum ပွဲ ကုန်ကျစရိတ်စာရင်း | 132,156,875 |
| ၃၆။ | CEC & EC အစည်းအဝေးစာရင်း | 2,462,523 |
| ၃၇။ | Website Domain Name & Hosting | 400,050 |
| ၃၈။ | အပိုဆုငွေစရိတ်စာရင်း (Bonus) | 1,540,000 |
| ၃၉။ | Sponsor ရငွေ (Buhler Asia မှ ပိုငွေပြန်သွင်းခြင်း) | 11,950 |
| ၄၀။ | စိုက်ပျိုးရေးနှင့်ဆိုင်သော အစည်းအဝေးတက်ရောက်ကုန်ကျစရိတ် | 977,230 |
| ၄၁။ | ညီလာခံစရိတ် စာရင်း | 30,587,435 |
| ၄၂။ | အဆောက်အအုံပြင်ဆင်စရိတ်စာရင်း | 180,000 |
| ၄၃။ | နမူနာ ဦးထုပ်နှင့် စပို့ရှပ်ဂယ်ခြင်း | 326,500 |
| ၄၄။ | ပုသိမ်နှင့် ပဲခူးခရီးစဉ် စရိတ် | 418,605 |
| ၄၅။ | Member Fees (PVC White Card) (ကြိုတင်ငွေ) | 2,200,000 |
| ၄၆။ | ကြေငြာခစာရင်း | 30,000 |
| ၄၇။ | ဗဟိုအလုပ်အမှုဆောင် အစည်းဝေးစရိတ် | 3,731,193 |
| ၄၈။ | မြစ်ဂကျွန်းပေါ် ဒေသ ပုသိမ်ခရီးစဉ် | 248,940 |
| ၄၉။ | ငြိမ်းချမ်းရေး ညီလာခံဆွေးနွေးပွဲ စာရင်း | 231,000 |
| ၅၀။ | ဆန်ကြိတ်ခွဲသင်တန်း စာရင်း | 13,618,500 |
| | စုစုပေါင်းအသုံးစရိတ် Page 16 | 254,775,497 |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ၃၀.၉.၂၀၁၈ နေ့ရှိ လက်ကျန်ရှင်းတမ်း

(ကျပ်)

| စဉ် | အကြောင်းအရာ | အညွှန်း | အသေးစိတ် | သင့်ငွေ |
|---|---|---|---|---|
| | **ရပိုင်ခွင့်များ** | | | |
| ၁။ | **ပုံသေပိုင်ပစ္စည်းများ** | ဇယား(၁) | | 50,819,633 |
| ၂။ | **လက်ငင်းရပိုင်ခွင့်များ** | | | 51,642,405 |
| | ၂.၁ လက်ဝယ်ရှိငွေစာရင်း | ဇယား(၂) | - | |
| | ၂.၂ ဘဏ်ရှိငွေစာရင်း (မြန်မာနိုင်ငံသားများဘဏ်) | ဇယား(၃) | 32,918 | |
| | ၂.၃ ဘဏ်ရှိငွေစာရင်း (မြန်မာ့ရွှေဆောင်ဘဏ်) ငွေစုစာရင်း | ဇယား(၃) | 1,129 | |
| | ၂.၄ ဘဏ်ရှိငွေစာရင်း (မြန်မာ့ရွှေဆောင်ဘဏ်) ပါးတန်း | ဇယား(၃) | 32,545,937 | |
| | ၂.၅ ဘဏ်ရှိငွေစာရင်း (MICB Bank) USD 126.12 | ဇယား(၄) | 137,218.56 | |
| | ၂.၆ ဘဏ်ရှိငွေစာရင်း (မြန်မာ့ရွှေဆောင်ဘဏ်)USD 10.13 | ဇယား(၄) | 15,803 | |
| | ၂.၇ အသေးသုံးငွေလက်ကျန် | ဇယား(၆) | 531,400 | |
| | ၂.၈ ဘင်္ဂလားဒေ့ရှ် သို့ ဆန်တင်ပို့ခြင်းမှရရန်ကျန်ငွေ (USD 4,000) | | 6,060,000 | |
| | ၂.၉ ကြိုတင်ပေးအခန်းငှားခ | | 12,318,000 | |
| | **စုစုပေါင်းရပိုင်ခွင့်များ (၁+၂)** | | | 102,462,038 |
| | **ရန်ပုံငွေနှင့်ပေးရန်တာဝန်များ** | | | |
| ၃။ | **ရန်ပုံငွေ** | | | 102,462,038 |
| | ၃.၁ စာရင်းဖွင့် | | 71,392,562 | |
| | ၃.၂ အသုံးစရိတ်ထက်ပိုသောဝင်ငွေ | | 31,069,476 | |
| | **စုစုပေါင်းရန်ပုံငွေ** | | | 102,462,038 |

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ၃၀.၉.၂၀၁၈ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားသော စာရင်းများသည် လုပ်ငန်း၏ ဘဏ္ဍာရေးအခြေအနေမှန်ကို သင့်တင့်လျောက်ပတ်စွာဖော်ပြထားသည်ဟု ထင်မြင်ယူဆပါသည်။

ဦးအောင်မြင့်
ဘဏ္ဍာရေးမှူး

ဦးရဲမင်းအောင်
အထွေထွေအတွင်းရေးမှူး

ဦးချစ်နိုင်
ဥက္ကဋ္ဌ

ဦးမျိုးသူရအေး
စာရင်းစစ်

Kyu Kyu Win
B.Com, C.P.A, M.B.A
D.B.L, D.M.L
Certified Public Accountant

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF (ရုံးချုပ်)

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ဝင်ငွေနှင့်အသုံးစရိတ်စာရင်းရှင်းတမ်း (၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၈)

| စဉ် | အကြောင်းအရာ | အညွှန်း | အသေးစိတ် | အသေးစိတ် | သင့်ငွေ |
|---|---|---|---|---|---|
| ၁။ | ဝင်ငွေစာရင်း | | | | 11,859,200 |
| | အသင်းဝင်ကြေး(ပုဂ္ဂလိက) | | | 740,000 | |
| | နှစ်စဉ်ကြေး (ပုဂ္ဂလိက) | | | 1,270,000 | |
| | အသင်းဝင်ကြေး(တောင်သူ) | | | 1,410,000 | |
| | နှစ်စဉ်ကြေး (တောင်သူ) | | | 940,000 | |
| | အသင်းဝင်ကြေး(ကုမ္ပဏီ) | | | 3,000,000 | |
| | နှစ်စဉ်ကြေး (ကုမ္ပဏီ) | | | 2,300,000 | |
| | အသင်းဝင်ကြေး(နိုင်ငံခြား ကုမ္ပဏီ) | | | 1,374,500 | |
| | နှစ်စဉ်ကြေး (နိုင်ငံခြား ကုမ္ပဏီ) | | | 824,700 | |
| ၂။ | **အခြားဝင်ငွေများ** | | | | 120,946,027 |
| | ဘင်္ဂလားဒေ့ရှ် ဆန်တင်ပို့ခြင်းမှရငွေ (USD 80,569*) | | | 108,629,574 | |
| | ဘင်္ဂလားဒေ့ရှ်သို့ ဆန်တင်ပို့ခြင်းမှရရန် (USD 4,000) | | | 6,060,000 | |
| | မြန်မာပေါ်ဆန်းမွှေးအလုပ်ရုံဆွေးနွေးပွဲအတွက်ရငွေ | | | 4,300,000 | |
| | မြန်မာ့စွန့်ဦးတီထွင်ပွဲတော်အား အလံတိုင်ငှားခြင်းမှ ရငွေ | | | 910,000 | |
| | ဘဏ်တိုးရငွေ | | | 1,046,453 | |
| ၃။ | စုစုပေါင်း (၁+၂) | | | | 132,805,227 |
| ၄။ | **အသုံးစရိတ်စာရင်း** | | | | (101,735,751) |
| | စီမံခန့်ခွဲမှုစာရင်း | ဇယား(၇) | | 97,123,835 | |
| | **တန်ဘိုးလျော့စရိတ်** | ဇယား(၁) | | 4,611,916 | |
| | ရုံးသုံးပရိဘောဂ | | 1,240,526 | | |
| | ရုံးသုံးစက်ပစ္စည်းများ | | 723,373 | | |
| | ရုံးသုံးမော်တော်ယာဉ် | | 1,659,375 | | |
| | ရုံးအဆောက်အဦးပြင်ဆင်စရိတ် | | 858,108 | | |
| | ဝက်ဆိုဒ် | | 130,534 | | |
| ၅။ | ဝင်ငွေထက်ပိုသောအသုံးစရိတ် (၃-၄) | | | | 31,069,476 |

*ဘင်္ဂလားဒေ့ရှ်သို့ ဆန်တင်ပို့ခြင်းမှ ရငွေ USD 97,925 ရမည်ဖြစ်သော်လည်း USD 80,569 သာ ရရှိထားပါသည်။ ကွာခြားချက်မှာ ဘဏ်စရိတ် USD 17,356/-ဖြစ်ပါသည်။ ယင်းအနက် သက်ဆိုင်ရာ ကုမ္ပဏီများမှ USD 4,203/- ကိုပြန်လည်တောင်းခံခဲ့ပြီး ကျန်ဘဏ်စရိတ် USD 13,163 /-ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကျခံထားပါသည်။ { (25-1-2019) ရက်နေ့ ကျင်းပပြုလုပ်သည့် အတွင်းရေးမှူးအဖွဲ့ နှင့် ဘဏ္ဍာရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်}

ဦးအောင်မြင့်
ဘဏ္ဍာရေးမှူး

ဦးရဲမင်းအောင်
အထွေထွေအတွင်းရေးမှူး

ဦးချစ်နိုင်
ဥက္ကဋ္ဌ

ဦးမျိုးသူရအေး
စာရင်းစစ်

Kyu Kyu Win
B.Com, C.P.A, M.B.A
D.B.L, D.M.L
Certified Public Accountant

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
ဘဏ်စာရင်းရှင်းတမ်း (၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၈ ထိ)

ဇယား (၃)

(ကျပ်)

| Sr | Particulars | MCB (Current MMK) | MAB (Saving MMK) ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ | MAB (Saving MMK) ပါးတန်းဘဏ်ခွဲ | Total |
|---|---|---|---|---|---|
| ၁ | စာရင်းဖွင့်လက်ကျန် | 32,918 | 1,075 | 24,402,106 | 24,436,099 |
| ၂ | ရငွေများ | | | | |
| | ငွေစာရင်းမှ ဘဏ်သို့အပ်ငွေ | | | 17,444,875 | 17,444,875 |
| | အသင်းဝင်ကြေး (နိုင်ငံခြားကုမ္ပဏီ) | | | 1,374,500 | 1,374,500 |
| | နှစ်စဉ်ကြေး (နိုင်ငံခြားကုမ္ပဏီ) | | | 824,700 | 824,700 |
| | MRF Stakeholder Forum | | | 1,929,602 | 1,929,602 |
| | ကြိုတင်ထုတ်ငွေစာရင်း | | | 1,004,565 | 1,004,565 |
| | အလှူငွေစာရင်း(မြန်မာ့ပေါ်ဆန်းမွှေး အလုပ်ရုံဆွေးနွေးပွဲ) | | | 300,000 | 300,000 |
| | ဘဏ်တိုးရငွေ | | 54.16 | 1,046,399 | 1,046,453 |
| | Air ticket ဝယ်ယူပြီး ပိုငွေပြန်သွင်းခြင်း | | | 20,450 | 20,450 |
| | ဘဏ်လားဒေ့ရှ် သို့ဆန်တင်ပို့ခြင်းမှ အလှူရငွေ (MAB-USD) | | | 108,629,574 | 108,629,574 |
| | Salary (လစာ ပြန်သွင်းခြင်း) | | | 524,000 | 524,000 |
| ၃ | စုစုပေါင်းရငွေ(၁+၂) | 32,918 | 1,129 | 157,500,771 | 157,534,817 |
| ၄ | ပေးငွေ | | | | |
| | အသေးသုံးဆောင်ငွေဖြည့်ခြင်း | | | 6,978,390 | 6,978,390 |
| | အသုံးစရိတ်များထုတ်ယူသုံးစွဲခြင်း | | | 117,976,444 | 117,976,444 |
| | စုစုပေါင်း ပေးငွေ | - | - | 124,954,834 | 124,954,834 |
| ၅ | စာရင်းပိတ်လက်ကျန် | 32,918 | 1,129 | 32,545,937 | 32,579,983 |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## စီမံခန့်ခွဲမှုစာရင်း (၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၈ ထိ)

ဇယား (၇)

| စဉ် | အကြောင်းအရာ | သင့်ငွေ(ကျပ်) |
|---|---|---|
| ၁။ | စက်သုံးဆီ စာရင်း (1J-2832) | 1,955,150 |
| ၂။ | ခရီးစရိတ်စာရင်း | 8,940,567 |
| ၃။ | သတင်းစာစရိတ်စာရင်း | 406,000 |
| ၄။ | အထွေထွေညှိခံစရိတ်စာရင်း | 5,471,886 |
| ၅။ | အဆောက်အဦး ထိန်းသိမ်းစရိတ်စာရင်း | 1,667,550 |
| ၆။ | မော်တော်ယာဉ် ထိန်းသိမ်းစရိတ်စာရင်း | 29,200 |
| ၉။ | သန့်ရှင်းရေးစရိတ်စာရင်း | 37,450 |
| ၁၀။ | အစည်းအဝေးခန်း တန်ဆာဆင်စရိတ် | 87,000 |
| ၁၁။ | စာပို့ခစာရင်း | 186,500 |
| ၁၂။ | ကြော်ငြာစရိတ်စာရင်း | 2,199,000 |
| ၁၃။ | အသင်းသားရေးရာစရိတ်စာရင်း | 1,150,000 |
| ၁၄။ | Printing & Copy | 936,000 |
| ၁၅။ | CNG စာရင်း | 92,604 |
| ၁၅။ | ကားပါကင်/ အမြန်လမ်းဖြတ်ခ | 31,200 |
| ၁၆။ | လက်ဆောင်ပစ္စည်းစာရင်း | 336,100 |
| ၁၇။ | ကားပါကင်/အမြန်လမ်းဖြတ်ခ | 40,600 |
| ၁၈။ | ဘဏ်စရိတ် | 148,188 |
| ၁၉။ | ဝန်ထမ်းများ ထမင်းစရိတ်စာရင်း | 4,000 |
| ၂၀။ | Internet စရိတ်စာရင်း | 256,900 |
| ၂၁။ | Forum ပွဲကုန်ကျစရိတ်စာရင်း | 18,017,908 |
| ၂၂။ | သောက်ရေသန့်စရိတ်စာရင်း | 234,600 |
| ၂၃။ | စာရေးကရိယာစာရင်း | 1,633,487 |
| ၂၄။ | UMFCCI ဝါဆိုသင်္ကန်းကပ်လှူခြင်း | 556,600 |
| ၂၅။ | ရုံးအသုံးအဆောင်ပစ္စည်းစာရင်း | 2,426,950 |
| ၂၆။ | ဝန်ဆောင်စရိတ် | 449,500 |
| ၂၇။ | ဆက်သွယ်ဆောင်ရွက်ခစာရင်း | 120,000 |
| ၂၈။ | ကားပြင်စရိတ်စာရင်း (1J- 2832) | 678,400 |
| ၂၉။ | ကားပြင်စရိတ်စာရင်း (1C- 8502) | 434,000 |
| ၃၀။ | လျှပ်စစ်မီတာခစာရင်း | 732,335 |
| ၃၁။ | အလုပ်သမားခစာရင်း | 72,500 |
| ၃၂။ | ဝန်ထမ်းလစာ စာရင်း | 23,631,500 |
| ၃၃။ | Office Expenses | 159,600 |
| ၃၄။ | သင်တန်းစာရိတ်စာရင်း | 800,000 |
| ၃၅။ | စာရင်းစစ်ဆေးခ | 300,000 |
| ၃၆။ | သယ်ယူပို့ဆောင်စရိတ်စာရင်း | 129,100 |
| ၃၇။ | MRF ဝက်ဆိုဒ်သက်တမ်းတိုးခြင်း | 78,750 |
| ၃၆။ | Car License Renewal (1J-2832) | 286,500 |
| ၃၇။ | သီရိလင်္ကာသို့ တန်(300)အတွက် ဖြည့်စွက်လှူဒါန်းငွေ | 1,540,465 |
| ၃၈။ | မြန်မာပေါ်ဆန်းမွှေး meeting စရိတ် | 6,316,095 |
| ၃၉။ | ရုံးခန်းပြင်ဆင်စရိတ်စာရင်း | 1,714,300 |
| ၄၀။ | အီးမေးလ် စရိတ် | 499,350 |
| ၄၁။ | အခန်းငှားခ | 12,336,000 |
| | စုစုပေါင်းအသုံးစရိတ် | 97,123,835 |

# ကြော်ငြာကဏ္ဍ

# GOLD DELTA CO.,LTD.

## ကဉ္စနကျွန်းသာကုမ္ပဏီလီမိတက်

永 祥®
YONGXIANG

# ယုံးလျှံ အဆင့်မြင့်ဆန်စက် (မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်)

**အရည်အသွေးမြင့်တဲ့ ဆန်စက်ကြီးများဖြင့် အလေအလွင့် ပိုမိုနည်းပါးအောင် ထုတ်လုပ်နိုင်ရေးအတွက်**
**ကဉ္စနကျွန်းသာကုမ္ပဏီမှ ရောင်းချသော "ယုံးလျှံ" အဆင့်မြင့်ဆန်စက်ပစ္စည်းများကို အသုံးပြုကြပါစို့။**








မြန်မာ့ရှေ့ဆောင်ဘဏ်®

မြန်မာ့ရှေ့ဆောင်ဘဏ်မှတဆင့် ကျသင့်တန်ဖိုး၏
(၃၀%)ပေးသွင်းရုံဖြင့် ပစ္စည်းလက်ဝယ်ရရှိနိုင်ပါပြီ။


**ADDRESS**

No.(1), Kanaung Minthar Gyi St., Shwe Lin Pan Industrial Zone, Hlaing Thar Yar Tsp.,Yangon.

Tel : 09-441557425, 09-251195550.

DENKO

Denko Trading Co.,Ltd.




Denko Trading Company မှ စက်သုံးဆီများကို လက်လီ၊ လက္ကားရောင်းချရာတွင် Denko အမည်တစ်ခုတည်းဖြင့်သာ အမြဲရောင်းချပါသည်။

**1**

စက်သုံးဆီ အရည်အသွေး အကောင်းဆုံးကိုသာ ဦးစားပေးတင်သွင်းသော

DENKO

**2**

ခေတ်မီစက်သစ်များဖြင့် ဆီအချင်အတွယ်ပြည့်မီစွာ နိုင်ငံတစ်ဝန်း ဝန်ဆောင်မှုပေးနေသော

DENKO

## ဆီလက္ကားဝယ်ယူနိုင်ရန် ဆက်သွယ်ရမည့်ဖုန်းနံပါတ်

### အထက်မြန်မာပြည်

| | |
|---|---|
| မန္တလေး | - ၀၉၄၄၀၆၈၅၈၂၊၀၉၂၀၁၁၄၄၉ |
| မုံရွာ | - ၀၉၄၄၀၀၆၈၅၆၁၊ ၀၉၄၄၀၀၆၈၅၆၂ |
| ပခုက္ကူ | - ၀၉၄၄၀၀၆၈၅၇၄၊၀၉၂၆၄၈၂၉၉၆၄ |
| ကသာ | - ၀၉၄၄၀၀၆၈၅၇၄၊ ၀၉၂၅၉၄၇၈၅၄၁ |
| ဗန်းမော် | - ၀၉၂၀၅၃၉၀၃၊ ၀၉၄၄၀၀၆၈၅၇၈ |

### အောက်မြန်မာပြည်

| | |
|---|---|
| ရန်ကုန် | - ၀၉၂၅၃၀၇၃၂၀၂ |
| မကွေး၊မင်းဘူး | - ၀၉၂၆၄၂၃၀၇၉၈ |
| စလေ | - ၀၉၄၄၂၁၆၄၉၇၃ |
| ဧရာဝတီ | - ၀၉၂၆၄၂၃၀၇၉၆ |
| ပဲခူးအရှေ့ | - ၀၉၄၄၂၁၆၄၉၇၄ |
| ပြည် | - ၀၉၂၆၄၂၃၀၅၂၁ |
| မော်လမြိုင် | - ၀၉၄၀၁၅၈၅၅၄၀ |

**ရန်ကုန်ရုံးချုပ် – အမှတ် (၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၃၆၁၇၂၂၁**

facebook : Denkomyanmar

website : www.denkomyanmar.com

MAPCO

# MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်




**Yangon Office** - No.100, Corner of Wardan Street & Kan Nar Street, Beside the Concrete Express Way, Wardan Port Area, Seik Kan (Port) Township, Yangon, Myanmar.
**Tel:** (+95-1) 2301652~53, 2301825~6 **Fax:** (+95-1) 2301824
**Email:** admin@mapco-ygn.com

**Nay Pyi Taw Office** - Plot No.1669, Mezligon Village, Pyinmana Township, Nay Pyi Taw, Myanmar.
**Tel:** (+95) 09 2619 888 20, 2619 888 30 **Fax:** (+95-1) 067- 432008
**Website :** www.mapco.com.mm

# Golden Lace
## DAEWOO

### *Company Profile*

Golden Lace DAEWOO Company (ရွှေဇာခြည်ဒေဝူး ကုမ္ပဏီ)သည် မြန်မာပြည်တွင် ၂၀၀၁ ခုနှစ်မှ စတင်၍ ဆန်နှင့် ဆန်စက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသော Golden Lace Company နှင့် ကိုးရီးယားနိုင်ငံ အခြေစိုက် စီးပွားရေး အင်အားစုကြီးမားသော company တစ်ခုဖြစ်သည့်အပြင် သက်တမ်း ၃၀ ကြာ မြန်မာပြည်တွင် ရင်နှီးမြှုပ်နှံမှုများပြုလုပ်အောင်မြင်လျက်ရှိသော Posco Daewoo နှင့် မိတ်ဖက်စီးပွားရေးလုပ်ငန်းများကို စတင် ဖွဲ့စည်းလိုက်သည့် Joint Venture Company တစ်ခုဖြစ်ပါသည်။



တွံတေးမြို့နယ်ရှိ တန် ၅၀၀ ကျခေတ်မီဆန်စက်

ရွှေဇာခြည် ဒေဝူး အနေဖြင့် ပြည်တွင်းဆန်ဖြန့်ဖြူးရောင်းချရေးသာမက ပြည်ပသို့ ဆန်တင်ပို့ရောင်းချရေးတွင်လည်း လက်ရှိအနေအထားအရ တွင်တွင်ကျယ်ကျယ် ဦးစီးလုပ်ကိုင်နေဆဲ ဖြစ်ပါသည်။




50 kg ပြည်တွင်းဖြန့်ဖြူးရောင်းချသည့် ဆန်အိတ်များ

၄င်းနိုင်ငံခြားဈေးကွက်သို့ ဆန်တင်ပို့ရောင်းချရာတွင် Company အနေဖြင့် တွံတေးရှိ တစ်နေ့လျှင် တန် ၅၀၀ကျ ခေတ်မီဆန်စက်ကြီးများကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောက် လုပ်စေခဲ့ပြီး ၂၀၁၉ မေလတွင် လုပ်ငန်းများကို စတင်လည် ပတ်လုပ်ကိုင်သွားနိုင်မည် ဖြစ်ပါသည်။



---

**စက်ရုံလိပ်စာ**

**Holding No. CN/10 kwin No.124-A, Hlay Lan Kwin, Kalantan village Tract, Twantay Township.**

**Yangon Southern District, Yangon,Myanmar**

**Contact : +95 9962 60 1003**


**Email : phyothaungwin.gld@gmail.com**

# Nine Seas Groups of Co.,Ltd

## (500) Tons Rice Mill







---

## SWY Group of companies



**Office**
Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar ☎ : 01-680 803, 01-686 158, 01-686 251 Fax : 01-686 251

**Warehouse**
(1)No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kanner Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
(2)No(64/7), Corner of Myat Housing Pass (1) & Kanner Street, Zone (3), Shwe Pyi Thar Industrial Zone, Yangon, Myanmar. ☎ : 01-680 803, 01-686 158, 01-686 251 Fax ; 01-686 251


Solutions for
healthy nutrition and
clean mobility.
We strive for innovations for a better world, with a special focus on healthy, safe, and sustainable solutions. We contribute significantly to feeding the world's population, while setting the focus on food security and safety. Our solutions and technologies enable efficient and clean mobility.
www.buhlergroup.com
Innovations for a better world.
BÜHLER


AUNG NAING THITSAR GROUP OF COMPANIES
ANT
"To Fullfill People's True Potential Together"
Rice Whole Supply Chain
Multi Modal Transport Logistics
Agricultural Machineries
Automotive Industry
PESTICIDES
Agricultural Suppliments
Inland Trucking
In Business Over 14 Years
- Trading & Exporting Rice
- Export to Europe, the Middle East & Asia
- Operations with Three Rice Mills
- Rice Milling Capacity of 350 tons per day
- White Rice and Parboiled Rice
- Utilizes Hi-Tech Modernized Buhler Rice Mill
- Dedicated to the Customers and Partner
Dagon Center 2, 14 (C&E), 14th Floor, No. 268, Pyay Road, Sanchaung Township, Yangon, Myanmar.
Tel : + 95 1 2317836, 2317837 Fax : +95 1 2317836 www.aungnaingthitsar.com


YOMA HEAVY EQUIPMENT
" လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ "
NEW HOLLAND AGRICULTURE
TT3.50 New Model Coming Now..
အိန္ဒိယနိုင်ငံထုတ် TT45
မြင်းကောင်ရေ ၄၇
အိန္ဒိယနိုင်ငံထုတ် TT3.50
မြင်းကောင်ရေ ၅၀
အိန္ဒိယနိုင်ငံထုတ် TT75
မြင်းကောင်ရေ ၇၅
အိန္ဒိယနိုင်ငံထုတ် TT4.75 & TT4.90
မြင်းကောင်ရေ ၇၅ နှင့် ၉၀
တူရကီနိုင်ငံထုတ် TD90 & TD95
မြင်းကောင်ရေ ၉၀ နှင့် ၉၈
မက္ကစီကိုနိုင်ငံထုတ် TS6.140
မြင်းကောင်ရေ ၁၄၀
ဘရာဇီးနိုင်ငံထုတ် T7.180
မြင်းကောင်ရေ ၁၈၂
Case IH A8010
ကြံရိတ်သိမ်းခြွေလှေ့စက်
New Holland TC5.30
သီးနှံစုံရိတ်သိမ်းခြွေလှေ့စက်
အကောင်းဆုံးအရည်အသွေး
အကောင်းဆုံးဝန်ဆောင်မှုများ
တစ်နှစ်အာမခံပေးထားခြင်း
အပိုပစ္စည်းလွယ်ကူစွာရရှိနိုင်ခြင်း
AMBRA
Yoma Heavy Equipment ( CPCL in 2017 )
ရန်ကုန်ရုံးချုပ် : အမှတ်(၁၁၅၉)၊ (အက်ဖ်အမ်အိုင်)ပဒေသာပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Pioneer Agrobiz

Helping Stakeholders by
Improving Quality of Products
and Minimizing Losses

Pioneer Agrobiz Co., Ltd
K/14, Yuzana Street, Bayintnaung Warehouses,
Mayangone Township, Yangon.
09 7731 899 10, 09 445566 404, 09 445566 505

Kett SCIENCE OF SENSING Grain Moisture Testers

စပါးနှင့် သီးနှံအစိုဓာတ်တိုင်းကိရိယာ အမျိုးမျိုး



GP GRAINPRO STORING THE FUTURE Grain Storage Systems

လေလုံပိတ် စပါးနှင့် သီးနှံသိုလှောင်မှုစနစ်များ



Pioneer Flatbed Dryers

ပိုင်အိုးနီးယား စပါးနှင့် သီးနှံစုံအခြောက်ခံစက်များ



SUNCUE


Grain Dryers and Husk Furnaces

ခေတ်မီ အဆင့်မြင့် စပါးအခြောက်ခံစက်များ



SUNCUE®

SUNCUE SB-130 စပါးခွံမီးဖိုအသုံးပြုအခြောက်ခံစက် စက်ရုံဝန်း။




Will Lee (Regional Manager) +886-978-783932 +95-9-971-287-387(Viber)
Facebook : Myanmar Suncue Website www.suncue.com


ကြယ်တိုက် ကာလာစော့တာ
6SXZ-384(R6)
မြန်မာပြည်
တစ်ဦးတည်း
ကိုယ်စားလှယ်
Siam Jupiter Center Company LimitedNo.(1), Shwe Yin Aye Kyaung Street
Livestock Industry Zone, Hlaing Tha Yar Township
Phone: 09 785014838, 09 960363705


ဆန်းရှိုင်း ထင်န်းရီ အခြောက်ခံစက်


Asia General
Holding Co., Ltd.
Key To Smart Power
Type Test Accredited by . . .
KERI
DEKRA
tecnalia
" Leading Transformer and Switchgear
Manufacturer in Myanmar "
Pro - E Panel
Unisafe
CE & QE Panel
Package Substation
Package Substation
(100MVA, 230/66/11 kV)
Power Transformer


စစ်မှန်သော . . . အရည်အသွေး ခိုင်မာသော . . . အာမခံချက် ရိုးသားသော . . . ဝန်ဆောင်မှု
PHOENIX
ဖီးနစ်
ဒစ်ဂျစ်တယ်ကတ္တားအမျိုးမျိုး ဖြန့်ချိရေး
အမှတ်(၂၄၂)၊ ၃၄ လမ်း၊ ၈၄ × ၈၅ လမ်းကြား
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
09-402000883, 09-790988886 ,09-960000993
09-444027651 , 09-444012861


DAEWOO BUS
နိုင်ငံတကာ အဆင့်မီ ပြည်တွင်းဖြစ်ကားများကို
အသုံးပြုခြင်းဖြင့် ဂုဏ်ယူလိုက်ပါ
GRAND Opening
10% OFF
စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Zyle Daewoo Commercial vehicle Company နှင့်
Myanmar Trade Center Co.Ltd ပူးပေါင်းကာ နိုင်ငံတကာ အဆင့်မီ
DAEWOO BUS & MINI BUS များကို မြန်မာနိုင်ငံတွင်
မကြာမီထုတ်လုပ်ရောင်းချပါတော့မည်။
EURO 3 ENGINE FOR DISEL
EURO 5 ENGINE FOR CNG
PREORDER
09 797234477


အရည်အသွေးကောင်းမွန်သည့် သဘာဝဆန်သားများဖြင့် Precious
အရောအနှောကင်း၍ ပိုးမွှားကင်းပြီး( Color Sorted ) ပြုလုပ်၍ သန့်စင်ထားသော Precious
နိုင်ငံတကာအဆင့်မှီ လေစုပ်ထုတ်( Vaccum ) ပြုလုပ်ပြီး အရည်အသွေးကောင်းမွန်စွာ အဆင့်မှီထုတ်ပိုးထားသော Precious
ကောင်းမွန်သောအရသာ၊ မွှေးပျံ့နေသောအနံ့ တို့နှင့်အတူ မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးသော Precious
Precious
Premium Fragrance Rice
အကောင်းဆုံး အရည်အသွေးဖြင့်
သန့်စင်ပြီးဆန်အမျိုးအစား အစုံအလင်

# ASIA WORLD INDUSTRIES LTD

ပီနန်အိတ် ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း




လူကြီးမင်းတို့၏ ထွက်ကုန်များအတွက် အရည်အသွေးကောင်းမွန်သော ပီနန်အိတ် အထူ၊ အပါး အရွယ်အစား အမျိုးမျိုးနှင့်

ဆေးရောင်စုံတံဆိပ်ရိုက်လုပ်ငန်းများအား စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက် ရှိပါသည်။

မှာကြားသော ပစ္စည်းများကို ရန်ကုန်မြို့တွင်း စက်ရုံ၊ ပွဲရုံများအရောက်နှင့် နယ်မြို့များအတွက် သက်ဆိုင်ရာကားဂိတ်၊ သင်္ဘောဆိပ်အရောက် ပို့ဆောင်ပေးနေပါသည်။

ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလိုသော လုပ်ငန်းရှင်များလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**Factory & Sales Centre**
No. 125, Muse Street, Industrial Zone (1), South Dagon Township, Yangon.
Tel : 01-2348472 ~ 3 Mobile : 09-443518766 , 09-260066622 , 09-260066688

---

# ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီ

GLOBAL WORLD INSURANCE CO., LTD




အမှတ်(၆၂)၊ ဗဟိုရိစည်အိမ်ယာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၃၀၂၅၀၈၊ ၂၃၀၂၅၀၉ ဖက်(စ်) - ၀၁ ၂၃၀၂၅၀၇







| model no | power | Air volume $m^3/h$ | pressure(Pa) |
|---|---|---|---|
| 4-72-3.2A | 2.2 kw | 1688-3517 | 1300-792 |
| 4-72-3.6A | 3 kw | 2664-5268 | 1578-989 |
| 4-72-4A | 5.5 kw | 4012-7419 | 3014-1320 |
| 4-72-4.5A | 7.5 kw | 5712-10562 | 2504-1673 |
| 4-72-5A | 11 kw | 7728-15455 | 3187-2019 |
| 4-72-5A | 15 kw | 7728-15455 | 3187-2019 |
| 4-72-5A2 | 18.5 kw | 7728-15455 | 3187-2019 |
| 4-72-5A2 | 22 kw | 20570 | 2443 |
| 9-19-4A | 3 kw | 824-1264 | 3584-3297 |
| 9-26-4A | 5.5 kw | 2500-3750 | 3852-3407 |
| 9-26-4.5A | 7.5 kw | 3130-3680 | 4910-4776 |
| 9-26-5A | 11 kw | 4293-6349 | 6035-5381 |
| 9-26-5A | 18.5 kw | 4293-6349 | 6035-5381 |
| 9-26-5.6A | 22 kw | 7766-9500 | 7218-6527 |
| 9-26-5A | 15 kw | 4293-6349 | 6035-5381 |



| Machine | Motor | Aspiration m³/min | Weight |
|---|---|---|---|
| PBPR | 11kw, 15kw, 18.5kw | 15 | 1200 kg |

Capacities (tonnes/hour)

| Pigeon Pea | Chick Pea | Black Gram | Green Gram | Yellow Pea | Yellow Lentils | Red Lentils |
|---|---|---|---|---|---|---|
| 4.0-5.0 | 4.0-5.0 | 4.0-5.0 | 4.0-5.0 | 4.0-5.0 | 4.0-5.0 | 4.0-5.0 |

# Theingi RICE

## မိသားစုတိုင်းအတွက် စစ်မှန်သော အာဟာရ




## သိင်္ဂီ ရွှေဘိုပေါ်ဆန်းမွှေး


စက်ရုံဖုန်း - 09 789776714   ရန်ကုန်ရုံး - 09 766669299

လိပ်စာ - အမှတ် (၁၈၉)၊ ရုပ်ပျိုလမ်း၊ စက်မှုဇုန်၊ ရွှေဘိုမြို့

www.theingirice.com

https://facebook.com/TheingiRice


**မြန်မာနိုင်ငံဆေးဝါးနှင့်အစားအသောက်ကွပ်ကဲရေးဌာန FDA အသိအမှတ်ပြုလက်မှတ်ရရှိထားပါသည်။**

EXCEL INT'L

Proudly produced by

Excel International Trading Co.,Ltd.



SHWE MA NAW MYAY Trading Co.,Ltd.

# A UNIQUE GATEWAY FOR ACCESSING MYANMAR RICE!

- **Office : Shwe Ma Naw Myay Trading Co., Ltd.**
  G-45, Paduak Street , Bayintnaung Warehouse, Mayangone Township,Yangon.
  Shwe Ma Naw Myay Trading Co.,Ltd.

- **Production Facility**
  No.465 B/2, Mya Taung Wungyi U Mo Street, Shwe Lin Ban Industrial Zone.

---

HNDCM

## HLAING NADI CHAN MYAE TRADING CO.,LTD
## AUNG MINGALAR RICE MILL
Ko Thein Oo & Ma Thida



No.27, Da Na Thad Di Street, West Kannar, Insein Township, Yangon, Myanmar.
Tel : 641900, 642614 GSM : 09 5177118 Fax : 646900


မိသားစုဝင်တိုင်း အတွက်
အားဖြည့်ဆန်
သိလိုသမျှကို Facebook တွင် "အားဖြည့်ဆန်" ဟုရိုက်၍ ရှာဖွေလိုက်ပါ . . .


GBS
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
郴粮机
CHEN LIANG JI
လုံးတီးရွေးစက်
ဆန်ဖြူဖွပ်စက်
MGCZ
100*12C
MNSW18F
(30KW)
အမြို့မြို့အနယ်နယ်ရှိ GBSအရောင်းခန်းများတွင်ဝယ်ယူရရှိနိုင်ပါသည်။

# U KYAN AUNG WIN + DAW MYO MYO LIN

## RIGHT TIME MACHANISM CO., LTD

## ဟုန့်ကျား ဆန်စက်နှင့် ဆန်စက်အပိုပစ္စည်းရောင်းဝယ်ရေး

ရန်ကုန်လိပ်စာ – အမှတ် (၄၅) ၊ ၉လမ်း × ၁၀လမ်းကြား ၊ သီရိမွန် လမ်းမကြီး ၊ဘုရင့်နောင် – မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

09-421111388 ,09-73187771, 09-256026688

မန္တလေးလိပ်စာ – အမှတ် (၁၅) ၊၁၅လမ်း၊၈၀ × ၈၁ကြား၊ပြည်လုံးချမ်းသာရပ်ကွက် ၊အောင်မြေသာစံမြို့နယ် ၊ မန္တလေးမြို့။

02-4035380,02-4075688,09-765835380,
09-5187688, 09-796881688

ဟုန့်ကျား

### တန် ၂၀ ပုံပြောင်း အဆင့်မြင့်ဆန်စက်

TQL 75 ခဲရွေး - ၁လုံး

10 QR ရိုးရိုး - ၁လုံး

100x7 ဖောင်းဇကာ - ၁လုံး

KH-16 ဆန်ဖြူ - ၁လုံး

4" ခပ်တိုင် ၁တိုင်တွဲ - ၁စုံ

4" ခပ်တိုင် ၂တိုင်တွဲ - ၁စုံ



| Name | Weight | HP | KW |
|---|---|---|---|
| 20T | 2500 Kg | 46.73 | 35.05 |

---

## တောင်ပေါ်သားရှိုင်း (စိုက်ပျိုးရေး) ကုမ္ပဏီလီမိတက်

landini



LOVOL AGRICULTURE



Our Agro Machinery Brands

Our Agro Chemicals Brands & Seeds

MITSUBISHI AGRICULTURAL MACHINERY

SAKPATTANA

YANMAR


agromaster

BLACK TIGER

Golden Cock

မေတ္တာရှင်ခွင်

# Zero Fly® by VESTERGAARD




**Stored maize after two years**







**ဖြန့်ဖြူးသူ**

CHO

ချိုချိုကုမ္ပဏီလီမိတက်
အဆောင်(၃)၊ အခန်း(၇)၊ မြန်မာအင်ဖိုတက်၊လှိုင်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +95(1) 507045

## ဇီးရိုးဖလိုင်းအိတ်ခွံကောင်းကျိုးများ

**(၁) အစေ့အဆံအရည်အသွေးထိန်းသိမ်းပေးခြင်း**

သိုလှောင်သောကုန်များကို အင်းဆက်များဖျက်ဆီးမှုမှ ကာကွယ်ပေးသည်။ သိုလှောင်သောကုန်များ၏ဈေးကွက် အရည်အသွေးကို ထိန်းထားနိုင်သည်။

**(၂) မျိုးစေ့သက်တမ်းကြာရှည်မှုကိုထိန်းသိမ်းပေးခြင်း။**

သိုလှောင်သော မျိုးစေ့များ သက်တမ်းကြာရှည်မှုကို ထိန်းသိမ်းပေးသည်။

**(၃) ကာလကြာရှည်စွာထိန်းသိမ်းထားနိုင်ခြင်း**

အိတ်တွင်အသုံးပြုထားသော ဆေးများမှာ(၂)နှစ်ကြာ သည်အထိ အာနိသင်ရှိသည်။

**(၄) ကောင်းမွန်သော အရည်အသွေးရှိခြင်း**

အပြည်ပြည်ဆိုင်ရာ အရည်အသွေးအာမခံ စံချိန်စံညွှန်း များဖြင့် ထုတ်လုပ်ထားသော အိတ်ဖြစ်သည်။

**(၅) လွယ်ကူစွာသုံးစွဲနိုင်ခြင်း**

သိုလှောင်ခြင်းအတွက်ပုံမှန်သုံးစွဲနေသော ပိုးသတ်ဆေး များကိုပင်သုံးစွဲရန်မလိုတော့ပါ။ တခြားပိုးသတ်ဆေးများ သုံးစွဲရာတွင် ဝတ်ဆင်ရသော အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ရန်မလိုတော့ပါ။ အဆိပ်သင့်မှုများအားလေ့လာ ချက်အရ ဆေးစီရင်ထားသော အိတ်ခွံသည် လူတို့ အတွက် ဘေးအကင်းဆုံးဖြစ်သည်။



# MAB GOLD

## Wealth Banking

## THE BEST
# INTEREST RATE IN TOWN

up to **10.25% p.a**

FOR TENOR RANGING FROM 1 MONTH TO 36 MONTH

- Fly for Free MAB KrisFlyer miles Program
- Free access to Pan Pacific Lounge (Breakfast or afternoon tea)
- Free access to Hilton Mandalay Lounge (Breakfast or afternoon tea)
- Free access to Mingalar Sky Lounge (All day dining)
- Chance to Win a First Class 2 bedroom HAGL Condominium Draw
- Dedicated Relationship Managers
- Three Wealth Banking Lounges in UFC Tower 2, Mayangone & Mandalay 10
- Experiential dining privileges




CALL OUR MAB GOLD CONCIERGE NOW!
**(+95) 1 9010792**

Terms & Conditions Apply.

**MYANMAR RICE FEDERATION (Head Office)**
No.29, UMFCCI Tower, Room(901-903), Level 9,
Min Ye Kyaw Swar Road, Lan Ma Daw Township., Yangon, Union of Myanmar.
**Tel:** (+95-1) 218 266~8, 2301128~9
**Fax:** (+95-1) 218 266
**Email :** admin@mrf.com.mm
**Website :** www.myanmarricefederation.org